၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁ ရက်

အလုပ်သမားဝန်ကြီးဌာန ကစီစဉ်ထုတ်ဝေသည့်

# နွေဦးလုပ်သား
(သတင်းလွှာ)

go.molmyanmar.org/newsroom Vol.1, No.4

အလုပ်သမားဝန်ကြီးဌာန
Ministry of Labour

( Announcement )

mol.nugmyanmar.org | mol@nugmyanmar.org

## အလုပ်သမားများနှင့် အလုပ်ခန့်ထားမှုအပေါ်တွင် ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေခြင်းအပေါ် ထိရောက်စွာအရေးယူသွားမည်ဟု အလုပ်သမားဝန်ကြီးဌာန ကြေညာ

**စက်တင်ဘာ ၊ ၁ ရက်**

အလုပ်သမားများနှင့် အလုပ်ခန့်ထားမှုအပေါ်တွင် ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေခြင်းအပေါ် ထိရောက်စွာ အရေးယူသွားမည်ဟု အမျိုးသားညီညွတ်ရေး အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနမှ ဩဂုတ်လ ၂၇ ရက်နေ့မှာကြေညာလိုက်ပါတယ်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက် စစ်တပ်ကမတရား အာဏာသိမ်း ယူရန် ကြိုးပမ်းလျက်ရှိသည့် ကြားကာလတွင် အလုပ်ရှင်၊ အလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ဖိနှိပ်မှုများနှင့် အခွင့်အရေး ချိုးဖောက်ခံရမှုများကို တတ်နိုင်သည့် နည်းလမ်း ပေါင်းစုံဖြင့် ကူညီဖြေရှင်း ပေးလျက်ရှိပါသည်။ တဘက်တွင်လည်း အခြေခံ အလုပ်သမား အခွင့်အရေးများ ဥပဒေနှင့် အညီရရှိရေး၊ အလုပ်အကိုင်တည်မြဲရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ပြည်တွင်းနှင့် ပြည်ပရောက် မြန်မာ အလုပ်သမားများအား ကာကွယ် စောင့်ရှောက်မှု ပေးနိုင်ရေးလုပ်ငန်းများ စနစ်တကျ ဖြစ်စေရန်အတွက် တည်ဆဲ ဥပဒေမူဘောင်များအား ပြန်လည်သုံးသပ် ပြင်ဆင်ခြင်း လုပ်ငန်းကို အလေးထား ဆောင်ရွက်လျက်ရှိသည်ဟု ကြေညာချက်တွင် ဖော်ပြထားပါသည်။

ဒါ့အပြင် အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏ အပေါင်းအပါ လုပ်ငန်းရှင်များသည် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြု၍ အလုပ်သမားများအပေါ် ဥပဒေမဲ့ ရမ်းကားမှုများ ပြောင်ပြောင်တင်းတင်း လုပ်ဆောင်နေပြီး —>>> **စာမျက်နှာ - ၃ သို့**

ယခုနွေဦးတော်လှန်ရေးဟာ စစ်ကျွန်ဘဝက လွတ်မြောက်ရေး၊ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးအတွက် နောက်ဆုံးအခွင့်အရေး၊ နောက်ဆုံးတိုက်ပွဲ ဖြစ်တာကို သတိမလွတ်ကြဖို့ လိုပါတယ်

နိုင်သုဝဏ္ဏ ( ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန )

—>>> စာမျက်နှာ - ၆ သို့

# OERC ကတ်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များအတွက် ကိုယ်စားလှယ်များသတ်မှတ်ရန် စီစစ်နေဆဲဖြစ်ကြောင်း ပြည်ပရောက်မြန်မာလုပ်သားများအား အလုပ်သမားဝန်ကြီးဌာနမှအသိပေး

အလုပ်သမားဝန်ကြီးဌာန
Ministry of Labour

## ( သတင်းထုတ်ပြန်ချက် )

mol.nugmyanmar.org | mol@nugmyanmar.org

**စက်တင်ဘာ ၊ ၁ ရက်**

OERC ကတ်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များအတွက် ကိုယ်စားလှယ်များသတ်မှတ်ရန် စီစစ်နေဆဲဖြစ်ကြောင်းမလေးရှားနိုင်ငံ အပါအဝင် အခြားပြည်ပနိုင်ငံအသီးသီးသို့ ရောက်ရှိနေသော မြန်မာလုပ်သားများအား အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည် ဟုသိရပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနက ဆောင်ရွက်မည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်း/OERC ကတ်လျှောက်ထားခြင်း၊ ကတ်ထုတ်ပေးခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံအလိုက် အသေးစိတ်အစီအစဉ်၊ အချက်အလက်များ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ၂၇-၅-၂၀၂၂ ရက်စွဲပါ ကြေညာချက်အမှတ် (၆/၂၀၂၂) တွင် ရှင်းလင်းစွာ ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်သည်ဟုဆိုသည်။

လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး၊ တစ်စုံတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက သဘောရိုးဖြင့် မဟုတ်ဘဲ ကိုယ်ကျိုးရှာ အမြတ်ထုတ်မှုများ မဖြစ်ပေါ်စေရေးနှင့် အလုပ်သမားများအတွက် နစ်နာမှု တစ်စုံတစ်ရာ မဖြစ်စေရေးအတွက် ကူညီဆောင်ရွက်ပေးမည့် OERC ကိုယ်စားလှယ်များ ခန့်အပ်တာဝန်ပေးနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် MMWC (မလေးရှား) အပါအဝင် ပူးပေါင်းဆောင်ရွက်နိုင်မည့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နေဆဲဖြစ်သည် ဟုလည်းကြေညာချက်မှာဖော်ပြထားသည်။

ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အဆိုပါ လုပ်ငန်းစဉ်များအတွက် ကိုယ်စားလှယ်အဖြစ် အလုပ်သမားဝန်ကြီးဌာနက အတည်ပြုခန့်အပ်တာဝန်ပေးထားခြင်းမရှိသေးပါကြောင်းနှင့် ကူညီဆောင်ရွက်ပေးမည့် OERC ကိုယ်စားလှယ်များ အမည်စာရင်း အပါအဝင် စစ်တမ်းဖြေဆိုပုံနှင့် ကတ်လျှောက်ထားမှုလမ်းညွှန်များ၊ လုပ်ငန်းစဉ် အသေးစိတ်အချက်အလက်များကို ဝန်ကြီးဌာနက မကြာမီ တရားဝင်ထုတ်ပြန်ပေးသွားမည် ဖြစ်သည်ဟုသိရပါသည်။

**—>>> စာမျက်နှာ - ၅ သို့**

**စာမျက်နှာ ၁ မှအဆက်** စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့ အပါအဝင် ပြည်နယ်အချို့မှ အလုပ်သမားများအား ၎င်းတို့ ကိုင်ဆောင်ထားသည့် မှတ်ပုံတင်ကို အခြေခံ၍ အလုပ်ထုတ်ခြင်း၊ အလုပ်မခန့်ခြင်း၊ အကြမ်းဖက်စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူးများ နှင့်ပူးပေါင်း၍ အဆောင်များတွင်ဆက်လက် နေထိုင်ခွင့်မရရန် ဖိအားပေးခြင်း အစရှိသည့် နည်းလမ်းမျိုးစုံဖြင့် ဖိနှိပ်မှုများ ပြုလုပ်နေကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

စစ်အာဏာရှင်တော်လှန်ရေးတွင် ရဲရဲဝင့်ဝင့် တိုက်ပွဲဝင်နေကြသည့် အလုပ်သမားများ အပါအဝင် ပြည်သူများအပေါ် ထိုသို့ခွဲခြား ဆက်ဆံမှုများသည် စစ်အာဏာရှင်စနစ်တည်မြဲစေရန် ထောက်တိုင်သဖွယ် ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ဝန်ကြီးဌာန အနေဖြင့် ပြင်းထန်စွာ ရှုံ့ချကြောင်းထုတ်ပြန် ပြောဆိုထားသည်။

အလုပ်ရှင်များအနေဖြင့် မည်သည့်အကြောင်းကြောင့်မျှ အလုပ်သမားများအပါအဝင် ပြည်သူအားလုံးအပေါ် ခွဲခြားဆက်ဆံမှု မပြုလုပ်ရန် နှင့် အတတ်နိုင်ဆုံးကူညီဖေးမခြင်းဖြင့် စစ်အာဏာရှင်တော်လှန်ရေးတွင် တဘက်တလမ်းမှ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်သည်ဟု အလုပ်သမားဝန်ကြီးဌာနကဆိုသည်။

လုပ်ငန်းခွင် သို့မဟုတ် အလုပ်ခန့်ထားမှုတွင် တနည်းနည်းဖြင့် ခွဲခြားဆက်ဆံခံရသော အလုပ်သမားများအနေဖြင့် အလုပ်သမား ဝန်ကြီးဌာန တိုင်ကြားရေးယန္တရားသို့ တိုင်ကြားရန်နှင့် ထိုသို့ အခြေခံလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်နေသော အလုပ်ရှင်များအား မှတ်တမ်းများရယူ၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း အမျိုးသားညီညွတ်ရေး အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အသိပေးကြေညာအပ်သည်ဟု ထုတ်ပြန်ကြေညာချက်မှာ အတိအလင်းဖော်ပြပါရှိပါသည်။

( သတင်းစဥ် )

## အလုပ်သမားဥပဒေ ဆိုင်ရာပြဋ္ဌာန်းချက်များအား လေ့လာနိုင်ရန်အလုပ်သမားဥပဒေဝဘ်ဆိုက် (Labour Law Portal) အားစတင်ထုတ်လွှင့်

**စက်တင်ဘာ ၊ ၁ ရက်**

အလုပ်သမားဝန်ကြီးဌာန(အမျိုးသားညီညွတ်ရေးအစိုးရ)မှစီစဥ်ဆောင်ရွက်ထားသည့် အလုပ်သမားဥပဒေဝဘ်ဆိုက်(Labour Law Portal) တွင် အလုပ်သမားဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များအားစုစည်းတင်ထားပြီးဖြစ်ပြီး ဩဂုတ်လ ၅ ရက်နေ့မှစတင်ကာ ဝင်ရောက်ဖတ်ရှုလေ့ လာနိုင်ကြောင်းအသိပေးထုတ်ပြန်ထားပါသည်။

အဆိုပါ Website တွင်အလုပ်သမားညွန်ကြားရေးဦးစီးဌာနဆိုင်ရာဥပဒေများ၊ လူမှုဖူလုံရေးဆိုင်ရာဥပဒေများ၊ အလုပ်ရုံနှင့်အလုပ်သမား စစ်ဆေးရေးဆိုင်ရာဥပဒေများ၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနဆိုင်ရာဥပဒေများ၊ ပြည်ပအလုပ်အကိုင်စီမံခန့်ခွဲရေး ဦးစီးဌာန ဆိုင်ရာဥပဒေများ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးဦးစီးဌာနဆိုင်ရာ ဥပဒေများကိုဝင်ရောက်ဖတ်ရှုလေ့လာနိုင် မည်ဖြစ်ပါသည်။

ဝင်ရောက်ဖတ်ရှုလေ့လာရမည့် Labour Law Portal link မှာ https://laws.molmyanmar.org ဖြစ်ပါသည်။

( သတင်းစဥ် )

**တိုင်ကြားရေးယန္တရားကဏ္ဍ**

(အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန)

ပြည်တွင်း၊ ပြည်ပ အလုပ်သမားအခွင့်အရေးချိုးဖောက်ခံရမှုများအတွက် complaint.molmyanmar.org သို့ တိုက်ရိုက်ပေးပို့တိုင်ကြားနိုင်ပါသည်။

# ငါတို့မျိုးဆက်

**ဒယ်နီရယ်**

ညက
ကြွေမလာယုံသက်သက်ပဲ
ဒီထက်တော့မနက်တော့ဘူး

မနက်က
ပြုံမဆင်းလာယုံပဲ
ဒီထက်တော့ပြုံမကျကောင်းပါရဲ့

ယာတခင်း
နွားတရှဉ်းစွန့်ပြီးပြောင်းခင်းထဲမှာ
စစ်တိုက်နေတဲ့ လွတ်မြောက်ရေးရဲဘော်

မိတ်ကပ်မလိမ်းဘူး မန္တ့ဘူး
တပြည်လုံးလွတ်မြောက်ရေးအတွက်
ကျမမှာလဲတာဝန်ဆိုတဲ့ တော်လှန်ရေးရဲမေ

ဖိရင်ကြွ ထိရင်ချ
ဖက်ဆစ်တပ်ကို အမြစ်ဖြတ်မယ့်
သပိတ်ရှေ့ကရဲဘော်ညီလေး

ပြည်သူကိုဘေးဖယ်ဖို့ တဖွဖွပြောရင်း
လေးဆယ်မမ နဲ့ လပ်တီးကိုသမတဲ့
ငါတို့ရဲ့ ပျောက်ကြားတွေ

မင်းတို့ကမ္ဘာလို
အင်ဂျလီနာဂျိုလီရင်သားတဖက်စောင်း
သွားမှာ ကြောက်နေတဲ့ကောင်တွေမဟုတ်ဖူး

မင်းတို့ကမ္ဘာလို
အဖော်အချွတ်မယ်တယောက်
ရင်သားလုပ်မပြမှာ
ကြောက်နေတဲ့ကောင်တွေမဟုတ်ဖူး

မင်းတို့ကမ္ဘာလို
သတင်းစာနောက်ကြောမှာ
နာရေးကြော်ငြာပါမလာမှာ
ကြောက်နေတဲ့ကောင်တွေမဟုတ်ဖူး

ငါတို့က
အာဏာရှူးအတွက်
မောင်းပြန်လဲကိုင်သလို
ချစ်ရသူအတွက်တောပန်းတပွင့်
လက်သီးဆုတ်ထဲကျစ်ကျစ်ပါအောင်
ဆုပ်ထားတဲ့ကောင်တွေ

ငါတို့ကကမ္ဘာမှာ
ငါတို့သာသခင်
ငါတို့သာအရှင်
ငါတို့မျိုးဆက်က
ကဗျာဆရာကေဇဝင်းပြောသလို
မင်းတို့ဘုရားကိုမဖူးမဲ့ မျိုးဆက်ပဲ

ဒွဲပြောမယ်
ဟော့ကောင်တွေ
ဒွဲပြောမယ်
အာဏာရှူးတဲ့စစ်ခွေးတွေ
ငါတို့က လွတ်မြောက်ရေးလမ်းကို
ဖက်ဆစ်သွေးနဲ့ကိုယ်ကတ္တရာ
လမ်းခင်းမယ့်ကောင်တွေကွ...။

**စာမျက်နှာ ၂ မှအဆက်** သို့ဖြစ်ပါ၍ ဝန်ကြီးဌာန၏ လမ်းညွှန်ထုတ်ပြန်ချက်များအတိုင်း စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကူညီပေးစေလိုကြောင်း မေတ္တာရပ်ခံ အသိပေးအပ်သည်ဟု အလုပ်သမားဝန်ကြီးဌာန ထုတ်ဖော်ပြောဆိုထားပါသည်။

- ယခင်ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**အလုပ်သမားဝန်ကြီးဌာန**

**ကြေညာချက်အမှတ် ( ၆ /၂၀၂၂ )**
**၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ မေ လ ၂၇ ရက်)**

**ပြည်ပအလုပ်အကိုင်ဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့် ပြည်ပအလုပ်အကိုင်အသိအမှတ်ပြုကတ် (OERC) ထုတ်ပေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပနိုင်ငံအသီးသီးတွင် ရောက်ရှိ အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ (တရားဝင်နေထိုင်လုပ်ကိုင်နေသည့်အလုပ်သမားများ၊ သက်တမ်းကျော်လွန်နေထိုင်လုပ်ကိုင်နေသူများ၊ အလုပ်လုပ်ကိုင်နေသည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများ၊ ခိုလှုံခွင့်ဗီဇာတစ်မျိုးမျိုးဖြင့် နေထိုင်လုပ်ကိုင်နေသူများ) ၏ အလုပ်အကိုင်ဆိုင်ရာ သတင်းအချက်အလက်များကို စစ်တမ်းကောက်ယူခြင်းနှင့် ပြည်ပအလုပ်အကိုင်အသိအမှတ်ပြုကတ် (Overseas Employment Registration Card - OERC) ထုတ်ပေးခြင်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည် -

(က) ပြည်ပနိုင်ငံများတွင် အမှန်တကယ်ရောက်ရှိ လုပ်ကိုင်နေသူဦးရေ (ခန့်မှန်း) သိရှိနိုင်ရန်နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အလုပ်အကိုင်ဆိုင်ရာ အခြေခံအချက်အလက်များမှ တစ်ဆင့် ပိုမိုကောင်းမွန်သည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေရန်၊

(ခ) ပြည်ပနိုင်ငံများတွင် ရောက်ရှိလုပ်ကိုင်နေသူများ ကြုံတွေ့နေရသည့် အခက်အခဲများကို လျင်မြန်ထိရောက်စွာ ချိတ်ဆက်ကူညီဆောင်ရွက်ပေးနိုင်ရန်၊

(ဂ) နွေဦးတော်လှန်ရေးကြားကာလအတွင်း NUG ပြည်သူ့အစိုးရအား ထောက်ခံသည့် အင်အားတစ်ရပ်အနေဖြင့်ပါဝင်နိုင်ရန်နှင့်နွေဦးတော်လှန်ရေး ဘဏ္ဍာရန်ပုံငွေ ရရှိရန်၊

(ဃ) ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပတွင်အလုပ်လုပ်ကိုင်ခွင့်အတွက် အသိအမှတ်ပြု သက်သေခံကတ်အဖြစ် ထုတ်ပေးထားသည့် Overseas Worker Identification Card-OWIC အစား Overseas Employment Registration Card-OERC အဖြစ် ပြောင်းလဲထုတ်ပေးရန်၊

၂

(င) သက်ဆိုင်ရာပြည်ပနိုင်ငံရောက်အထောက်အထားမဲ့မြန်မာအလုပ်သမားများအတွက် မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (Certificate of Identification - C of I) ထုတ်ပေးရာတွင် အထောက်အထားတစ်ရပ်အနေဖြင့် အသုံးပြုနိုင်ရန်။

၂။ OERC ကတ်အတွက် လျှောက်လွှာတင်သွင်းခြင်းနှင့် စစ်တမ်းကောက်ယူခြင်းကို Online Application Form အသုံးပြုသွားမည်ဖြစ်ပြီး Application Form တွင် ဖြည့်သွင်းထားသည့် အချက်အလက်များကို စိစစ်အတည်ပြု၍ OERC (Smart Card) ပြန်လည်ထုတ်ပေးသွားမည်ဖြစ်သည်။

၃။ Application Form ဖြည့်သွင်းရာတွင်အခက်အခဲရှိပါကလိုအပ်သည်များပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ OERC (Smart Card) ဖြန့်ဝေပေးရန်နှင့် မလိုလားအပ်သည့် လိမ်လည်မှု၊ မသမာမှုများမှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကော်မတီများ (MMWCs)၊ ကိုယ်စားလှယ်အဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တာဝန်ယူကူညီဆောင်ရွက်ပေးမည့် အဖွဲ့အစည်း၊ ကိုယ်စားလှယ်ပုဂ္ဂိုလ်အမည်များနှင့် အသေးစိတ်အစီအစဉ်ကို နိုင်ငံအလိုက်သီးခြားစီထပ်မံထုတ်ပြန်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

( သတင်းစဉ် )

## တိုင်ကြားရေးယန္တရားပိုမိုကောင်းမွန်လာစေရန်ပြည်သူ့အကြံပြုချက်များတောင်းခံထား

**စက်တင်ဘာ ၊ ၁ ရက်**

အမျိုးသားညီညွတ်ရေးအစိုးရ၊အလုပ်သမားဝန်ကြီးဌာန၏ တိုင်ကြားရေးယန္တရားကဏ္ဍာပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ပြီး ပြည်သူများထံမှဝေဖန်အကြံပြုချက်များကို https://e-form.molmyanmar.org/cmfc-481651/ စာမျက်နှာမှတဆင့်ကောက်ခံလျက်ရှိတယ်လို့ သိရပါတယ်။


အဆိုပါသဘောထားအကြံပြုချက်များကို MoL-ICT Department မှကောက်ခံပြီးအလုပ်သမားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအတွင်းရှိ သက်ဆိုင်သည့် ဌာနခွဲများကိုပြန်လည်ပေးပို့သွား မှာဖြစ်တယ်လို့လဲ MoL-ICT မှတာဝန်ရှိသူတဦးရဲ့ပြောကြားချက်အရသိရပါတယ်။

အကြံပြုချက်များပေးပို့လိုသူတွေအနေနဲ့ မိမိသဘောထားဆန္ဒအလိုက်မေးခွန်း(၇)ခုနဲ့(၁၀)ခုအတွင်းဖြေဆိုရမှာဖြစ်ပြီးကြာမြင့်ချိန်ကတော့ ခန့်မှန်းခြေ ၅ မိနစ်မှ ၁၀ မိနစ်အထိသာကြာမြင့်နိုင်တယ်လို့သိရပါတယ်။ အကြံပြုချက်များပေးပို့လိုတဲ့ လုပ်သားပြည်သူများအနေတဲ့ အောက်ဖော်ပြပါ ဝဘ်ဆိုက်စာမျက်နှာမှတဆင့်လုံခြုံစိတ်ချစွာသဘောထားအကြံပြုချက်များရေးသားပေးပို့နိုင်ပြီလို့လည်းသိရပါတယ်။

Web Link- https://e-form.molmyanmar.org/cmfc-481651/

( သတင်းစဉ် )

## ယခုနွေဦးတော်လှန်ရေးဟာ စစ်ကျွန်ဘဝက လွတ်မြောက်ရေး၊ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးအတွက် နောက်ဆုံးအခွင့်အရေး၊ နောက်ဆုံးတိုက်ပွဲ ဖြစ်တာကို သတိမလွတ်ကြဖို့ လိုပါတယ်




**အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်ထွန်းဖေ (ခ) နိုင်သုဝဏ္ဏ သည် ဩဂုတ်လ ၈ ရက်နေ့ တွင်ကျရောက်သည့်(၃၄)နှစ်ပြည့်ရှစ်လေးလုံးနှစ်ပတ်လည်နေ့၌အထိမ်းအမှတ်မိန့်ခွန်းပြောကြားခဲ့ပါသည်။**

အဆိုပါမိန့်ခွန်းအပြည့်အစုံမှာ-

ပြည်ထောင်စုမြန်မာနိုင်ငံသားအပေါင်းနဲ့ ဝန်ဆောင်မှု၊ ထုတ်လုပ်မှုလုပ်ငန်းအသီးသီးမှ ရဲဘော်အပေါင်းတို့ခင်ဗျား - ကျနော်ကတော့ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး နိုင်ထွန်းဖေ (ခ) နိုင်သုဝဏ္ဏ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်က ပြည်ထောင်စုတခုလုံး လှည်းနေလှေအောင်း မြင်းစောင်းမကျန် တနိုင်ငံလုံးက ပြည်သူများဟာ စစ်အာဏာရှင်းစနစ်ကို လူထုတိုက်ပွဲနဲ့ တွန်းလှန်တိုက်ပွဲဝင်ခဲ့တဲ့ နေ့တနေ့ဖြစ်တာ အားလုံးအမှတ်ရပြီး ဖြစ်ပါတယ်။ ယနေ့ကျရောက်တဲ့ (၃၄) ကြိမ်မြောက် ၈ လေးလုံး နှစ်ပတ်လည်နေ့ဟာလည်း ပြည်သူများရဲ့ တတိယအကြိမ် လွတ်လပ်ရေးတော်လှန်ရေးကာလ တနိုင်ငံလုံးအနှံ့ စစ်ကျွန်ဘဝက လွတ်မြောက်ရေးအတွက် စစ်အာဏာစနစ်ကို လက်နက်ကိုင်တိုက်ပွဲအပါအဝင် နည်းလမ်းမျိုးစုံနဲ့ တွန်းလှန်တိုက်ပွဲဝင်နေတဲ့ ကာလ အတွင်းကျရောက်နေတာပဲ ဖြစ်ပါတယ်။ ဒီလိုကာလမျိုးမှာ (၃၄) ကြိမ်မြောက် ၈ လေးလုံး နှစ်ပတ်လည်အထိမ်းအမှတ်ကို ထင်ဟပ်ပြီး ယနေ့နွေဦးတော်လှန်ရေးလက်တွေ့ဘဝထဲကနေ ပြောကြားခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျာ - ပြည်ထောင်စုမြန်မာနိုင်ငံဟာ အင်္ဂလိပ်နယ်ချဲ့လက်အောက်ကနေ လွတ်လပ်ရေးရရှိပြီး ၁၀ နှစ် အတွင်းမှာ စစ်အာဏာရှင်စနစ်အောက် စစ်ကျွန်ဘဝအောက် ရောက်ရှိခဲ့ရပါတယ်။ ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးနောက် မြန်မာပြည် သူများဟာ မနားတမ်း တိုက်ပွဲအဆင့်ဆင့် ဆင်နွှဲပြီး ဆန့်ကျင်တိုက်ပွဲဝင်ခဲကြပါတယ်။ ဒီလိုအဆင့်ဆင့် တိုက်ပွဲဝင်ခဲ့ကြရင်း ၁၉၈၈ ခုနှစ်မှာ တနိုင်ငံလုံး စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်တဲ့ ၈ လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး ပေါ်ထွန်းခဲ့ပါတယ်။ လူထုတိုက်ပွဲ၊ ဥပဒေတွင်းတိုက်ပွဲများနဲ့ ငြိမ်းချမ်းစွာ လက်နက်မဲ့တိုက်ပွဲဝင်ခဲ့တဲ့ ပြည်သူများကို စစ်တပ်ဟာ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီးနောက် ထပ်ဆင့်အာဏာသိမ်းခဲ့ပြန်ပါတယ်။ ၈ လေးလုံးအရေးတော်ပုံကြီး —>>> **စာမျက်နှာ - ၇ သို့**

**စာမျက်နှာ ၆ မှအဆက်** အတွင်း ပြည်သူထောင်ပေါင်းများစွာ စစ်တပ်ရဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း ခံခဲ့ရပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျာ - ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်တဲ့ ဦးခင်မောင်မြင့်က "စစ်တပ်ဟာ ခံကတုတ်နှစ်ခုနဲ့ နေလေ့ရှိတယ်။ ပထမခံကတုတ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပြီး ဒုတိယခံကတုတ်ဟာ စစ်တပ်ကိုယ်တိုင်ပဲ ဖြစ်တယ်။ စစ်တပ်ဟာ သူ့ရဲ့တပ်ကို အမြဲတေထားပြီး အခြေခံဥပဒေခံကတုတ် အကာအကွယ်နဲ့ နေလေ့ရှိတယ်။ သူ့ရဲ့ အခြေခံဥပဒေခံကတုတ် လဲပြိုတာနဲ့ မလုံခြုံတော့ဘူးဆိုတာနဲ့ သူကိုယ်တိုင်ထွက်လာပြီး စစ်တပ်ခံကတုတ်နဲ့ အာဏာသိမ်းလေ့ရှိတယ်။" လို့ ၉၀ ရွေးကောက်ပွဲမတိုင်မီ ကာလက ဆိုခဲ့ပါတယ်။

၁၉၆၂ ခုနှစ်အာဏာသိမ်းစစ်တပ်ရဲ့ ပထမခံကတုတ်ဖြစ်တဲ့ ၁၉၇၄ အခြေခံဥပဒေနဲ့ မဆလတစ်ပါတီ ဗိုလ်ချုပ်နေဝင်းက အာဏာရှင်စနစ်ကို ၁၉၈၈ ခုနှစ် လူထုအရေးတော်ပုံကြီးက ဖြိုဖျက်လိုက်တဲ့အခါ ဗိုလ်ချုပ်မှူးကြီးစောမောင် ဦးစီးတဲ့ စစ်တပ်ဟာ အာဏာသိမ်းပြီး ရှေ့ထွက်လာခဲ့ကာ ၎င်းတို့အာဏာ ဆက်လက်တည်မြဲရေး လုပ်ဆောင်ခဲ့ပါတယ်။

၁၉၉၀ ခုနှစ်မှာ စစ်တပ်က ဦးဆောင်ကျင်းပတဲ့ ရွေးကောက်ပွဲမှာ ပြည်သူတရပ်လုံးဟာ ဥပဒေတွင်းတိုက်ပွဲအဖြစ် ဆက်လက်ဆင်နွှဲခဲ့ပြီး ဒီမိုကရေစီအင်အားစုများကို အပြတ်အသတ် မဲပေးထောက်ခံခဲ့ကြပါတယ်။ စစ်တပ်ဟာ ၉၀ ရွေးကောက်ပွဲရလဒ်ကို ပစ်ပယ်ပြီး စစ်အာဏာရှင်စနစ်နဲ့ တိုင်းပြည်ကို နှစ် ၃၀ နီးပါး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်လက် အုပ်ချုပ်ခဲ့ပါတယ်။

စစ်တပ်ဟာ ၎င်းတို့အသာစီးယူ စိတ်ကြိုက်အချိန်ယူရေးဆွဲထားတဲ့ ၂၀၀၈ အခြေခံဥပဒေကို ပြဋ္ဌာန်းကာ စစ်တပိုင်း ဒီမိုကရေစီစနစ် (Semi Dictatorship Democracy) ကို ထူထောင်ခဲ့ပြန်ပါတယ်။ ပြည်ထောင်စုအတွင်းရှိ ပြည်သူအပေါင်းကလည်း ဥပဒေတွင်းတိုက်ပွဲအဖြစ် ၂၀၁၅ ခု ရွေးကောက်ပွဲနဲ့ ၂၀၂၀ ခု ရွေးကောက်ပွဲများမှာ စစ်တပ်လက်ဝေခံပါတီများ၊ စစ်တပ်ကိုယ်စားပြုပါတီများ၊ စစ်တပ်သြဇာခံ ရုပ်သေးပါတီများကို လုံးဝ ဆန့်ကျင်ခဲ့ကြပြီး ခွက်ခွက်လန်အောင် ရှုံးနိမ့်စေခဲ့ကာ ဒီမိုကရေစီဘက်တော်သား ပါတီများကို အပြတ်အသတ် အနိုင်ရစေခဲ့ပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျာ - စစ်တပ်ဟာ ၎င်းတို့ရဲ့ ပထမခံစစ် ဖြစ်တဲ့ ၂၀၀၈ အခြေခံဥပဒေနဲ့ စစ်တပိုင်းဒီမိုကရေစီစနစ်ဟာ ၎င်းတို့ရာသက်ပန် အာဏာဆုပ်ကိုင်ရေးကို မကာကွယ်နိုင်တော့မှန်း သေချာသိလာတဲ့အခါ ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို ပယ်ဖျက်ပြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထပ်ဆင့်အာဏာသိမ်းပြန်ပါတော့တယ်။ ပြည်သူများဟာလည်း လုံးဝလက်မခံနိုင်ကြဘဲ သန်းပေါင်းများစွာသော ပြည်သူများဟာ စစ်အာဏာသိမ်းမှုကို လက်နက်မဲ့ ငြိမ်းချမ်းစွာ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျာ - စစ်တပ်ဟာ ပြည်သူမရှိ ရန်သူပဲ ရှိတယ်ဆိုတဲ့ ၎င်းတို့ရဲ့ စိတ်ရင်းအတိုင်း လက်နက်မဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြနေတဲ့ ပြည်သူများကို ရက်စက်စွာ ပစ်သတ်ပါတော့တယ်။ စားဝတ်နေရေး၊ ကာယကံ ဝစီကံ မနောကံ ဆင်းရဲနေကြရပြီး ကမ္ဘာငြိမ်းချမ်းရေးပုဂ္ဂိုလ်ကြီး ကန္ဒီ ပြောသလို - The world is enough for everyone each. But the world is not enough for the ones' need. စစ်တပ်ရဲ့ဖိနှိပ်ရက်စက်မှုကို ဆက်လက်ခွင့်မပြုနိုင်တော့တဲ့ ပြည်သူအပေါင်းဟာ ရရာလက်နက်စွဲကိုင်ပြီး စစ်အာဏာရှင်စနစ်ကို ပြည်ထောင်စုမြန်မာမြေပေါ်ကနေ အပြီးအပိုင် မောင်းထုတ်ဖို့ တော်လှန်ရေး ဆင်နွှဲလျှက်ရှိပါတယ်။

ယခုအခါ ပြည်သူအပေါင်းတို့ရဲ့ တော်လှန်ရေးကြောင့် စစ်အာဏာရှင်စနစ်ရဲ့ ဒေါက်တိုင်များ တခုပြီးတခု ပြိုလဲနေပြီး မကြာမီအတွင်း အပြီးအပိုင် ပြိုကျတော့မှာ ဖြစ်ပါတယ်။ စစ်အာဏာရှင်တို့ဟာ ၎င်းတို့စစ်တပ်ကိုယ်တိုင် ခုခံကာကွယ်နေတဲ့ စစ်ပွဲဟာ ရှုံးနိမ့်ဖို့ တာစူနေချိန်မှာ ရွေးကောက်ပွဲအတု၊ တွေ့ဆုံဆွေးနွေးရေးအတု၊ အခြေခံဥပဒေအတုများနဲ့ အကာအကွယ်ယူ ဆုတ်ခွာပြီး နောက်တကြိမ် အာဏာသိမ်းဖို့အတွက် အားယူ ပြင်ဆင်ခင်းကျင်းနေတာကို သတိမလွတ်ဖို့ လိုပါတယ်။

ပြည်သူအပေါင်းတို့ခင်ဗျာ - သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်က "တတိယတော်လှန်ရေးဆိုတာ လာလိမ့်မယ်၊ အဲဒီအတွက် ကြိုတင်ပြင်ဆင်ထားကြရမယ်" လို့ ၎င်းမကွယ်လွန်မီက ဆိုခဲ့ပါတယ်။ ယခုနွေဦးတော်လှန်ရေးဟာ စစ်ကျွန်ဘဝက လွတ်မြောက်ရေး၊ စစ်အာဏာရှင်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအတွက် နောက်ဆုံးအခွင့်အရေး၊ နောက်ဆုံးတိုက်ပွဲ ဖြစ်တာကို သတိမလွတ်ကြဖို့ လိုပါတယ်။

ဒီတော်လှန်ရေးအောင်မြင်ပြီးတာနဲ့ မြန်မာပြည်သူတို့ဟာ လုံးဝလွတ်လပ်တဲ့ ပုံသဏ္ဍာန်တူ မိမိဟာမိမိနေထိုင်တဲ့ ပြည်ထောင်စု Identical Indifference လူမျိုး၊ နိုင်ငံ အဖြစ်နဲ့ ကမ္ဘာ့အလယ်မှာ ပြန်လည်ရပ်တည်နိုင်တော့မှာ ဖြစ်ပါတယ်။ —>>> **စာမျက်နှာ - ၈ သို့**

**စာမျက်နှာ ၇ မှအဆက်** နိုင်ငံရဲ့ လွတ်လပ်ပြီးခေတ် သမိုင်းဆိုတာဟာ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးသမိုင်းပဲ ဖြစ်ပါတယ်။

သမိုင်းဖြစ်ပေါ်တိုးတက်မှု၊ သမိုင်းရေးတောင်းဆိုမှုတို့အရ နယ်ချဲ့လက်အောက်က လွတ်မြောက်ရေး၊ ပထမအကြိမ် လွတ်လပ်ရေး တိုက်ပွဲကြီး၊ ၁၉၈၈ ခုနှစ် စစ်အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ရေး ဒုတိယ လွတ်လပ်ရေး တိုက်ပွဲနဲ့အတူ ယခုနောက်ဆုံး တတိယလွတ်လပ်ရေးတိုက်ပွဲကို အမြန်ဆုံး အနိုင်ရသည့်အထိ တညီတညာထဲ စုပေါင်းဆင်နွှဲကြဖို့ နှိုးဆော်ရင်းနှင့် - ဒီမိုကရေစီအရေး၊ လွတ်လပ်ရေး၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးတိုက်ပွဲ အသီးသီးတွင် ကျဆုံးခဲ့သူအပေါင်းနဲ့ ၈ လေးလုံး လူထုတိုက်ပွဲကြီးအတွင်း ကျဆုံးခဲ့ရသူအပေါင်းကို လေးလေးနက်နက် ဦးညွတ်ဂုဏ်ပြုပါတယ်ခင်ဗျာ။

"အရေးတော်ပုံအောင်ရမည်"

( သတင်းစဥ် )

# "ဘယ်မျဉ်းစောင်းထိထိ ငါတို့နဲ့ ငြိတာပဲ" ဆိုသည့် အလုပ်သမားသပိတ်အား သုံးရက်ကြာပြုလုပ်



**စက်တင်ဘာ ၊ ၁ ရက်**

"ဘယ်မျဉ်းစောင်းထိထိ ငါတို့နဲ့ ငြိတာပဲ" ဆိုသည့် အလုပ်သမားသပိတ်အားဩဂုတ်လ ၂၃ ရက်နေ့မှစတင်ပြီး သုံးရက်ကြာပြုလုပ်ခဲ့သည် ဟုသိရပါသည်။

ရန်ကုန်မြို့ရှိ စက်ရုံ၊ အလုပ်ရုံများတွင် စစ်ကိုင်းနှင့် မကွေးတိုင်း မှတ်ပုံတင် ကိုင်ဆောင်ထားသူများကိုဥပဒေမဲ့ အလုပ်ထုတ်ခြင်း၊ အလုပ် မခန့်ခြင်းများအပြင်ဖိနှိပ်မှုများဖြစ်ပေါ်နေသဖြင့် အလုပ်သမားအဖွဲ့အစည်းများသမဂ္ဂများက "ဘယ်မျဉ်းစောင်းထိထိ ငါတို့နဲ့ ငြိတာပဲ " ဆို သည့် ခေါင်းစဉ်ဖြင့် ကမ်ပိန်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုသိရပါသည်။

"ဒီသုံးရက်တာကမ်ပိန်းကအလုပ်သမားအခွင့်အရေးတင်ကမပဲနိုင်ငံသားအခွင့်အရေးမပေးတာခုဟာကလုပ်ငန်းရှင်တွေဖက်ကအလုပ်ထုတ် ယုံတင်မဟုတ်ဖူးအလုပ်သမားကသူ့သဘောနဲ့သူထုတ်တယ်ဆိုတဲ့ပုံစံမျိုးတွေပြုလုပ်လာတယ်အပျောက်ရိုက်လာတာတွေရှိလာတယ်၅မျဥ်း စောင်း ၈မျဥ်းစောင်း မှတ်ပုံတင်ကိုင်ထားတဲ့အလုပ်သမားတွေကိုပေါ့ ဒါကြောင့်ဒီကမ်ပိန်းတွေကို အလုပ်သမားရေးလှုပ်ရှားသူတွေ တော်လှန်ရေးမှာ ပါဝင်နေတဲ့သူတွေရောပေါ့"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာအထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် FGWM မှ ဒေါ်မိုးစန္ဒာမြင့်ကပြောပါတယ်။

အဆိုပါ လှုပ်ရှားမှုတွင် စက်ရုံအလုပ်ရုံမှ အလုပ်သမားများ၊ ပညာရေးအခြေပြု CDM သမဂ္ဂ၊ မြန်မာ့မီးရထား သွားလာပို့ ဆောင်ရေး CDM သမဂ္ဂမှ အဖွဲ့ဝင်များ အပါအဝင် အထွေထွေ လုပ်သားများ ပါဝင်ကြောင်း သိရသည်။

ယခု လှုပ်ရှားမှုတွင် ၅/ အရတ ၊ ၅/ ဒပယ ၊ ၅/ ယမပ၊ ၅/ ပလန ၊ ၅/ ကနန၊ ၅/ ဆလက၊ ၈/ မမန စသည့် စာသားများကို ကိုင်ဆောင်ခြင်း၊ အင်္ကျီပေါ်တွင်ကန့်ကွက်ကြောင်းသာသားများရေးသား ဆန္ဒဖော်ထုတ်ခဲ့ကြခြင်း ဖြစ်သည်။

( သတင်းစဥ် )

# ကျမတို့အဖွဲ့ချုပ်နေနဲ့ကတော့ အလုပ်သမားတွေကိုထပ်ပြီးမေ့လျော့ထားသွားအုန်းမယ်ဆိုရင်တော့ ဘယ်အာဏာရှင်မျိုးမဆို အဲ့ဒီစနစ်ကို ချေမှုန်းသွားမှာဖြစ်ပါတယ်




မြန်မာနိုင်ငံအထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(FGWM)ဥက္ကဌ မမိုးစန္ဒာမြင့်နှင့်တွေ့ဆုံခြင်း

**စက်တင်ဘာ ၊ ၁ ရက်**

နွေဦးလုပ်သားသတင်းအယ်ဒီတာအဖွဲ့မှ မြန်မာနိုင်ငံအထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(FGWM)ဥက္ကဌ မမိုးစန္ဒာမြင့်နှင့် တွေ့ဆုံပြီး လက်ရှိစစ်အာဏာသိမ်းကာလအတွင်း အလုပ်သမားရေးလှုပ်ရှားမှု အခြေအနေများနှင့်ပါတ်သတ်၍ တွေ့ဆုံမေးမြန်းဖြေကြားချက်များကိုဖော်ပြပါသည်။

**နွေဦးလုပ်သား-** (FGWM) အနေနဲ့လုပ်သားအခွင့်အရေးချိုးဖောက်ခံရမှု ဆိုင်ရာကိစ္စရပ်တွေအပေါ် ဘယ်လိုကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နေပါသလဲ

**မမိုးစန္ဒာမြင့်-** အလုပ်ရှင် အလုပ်သမား ၂ ပွင့်ဆိုင် ဖြေရှင်းနည်းနဲ့ ဆောင်ရွက်ပေးနေပါတယ်။ အလုပ်သမားတွေ အနေနဲ့ အခွင့်အရေး ဆိုင်ရာ အကျိုးစီးပွားဆိုင်ရာ နစ်နာမှုတွေကိုတိုင်ကြားလာရင် အလုပ်ရှင် နှင့် နစ်နာသူ အလုပ်သမားတို့ တိုက်ရိုက် ဖြေရှင်းမှုကို အဓိက လုပ်ဆောင်ပေးနေပါတယ်။ အခြားနည်းလမ်း တစ်ခုအနေနဲ့တော့ အလုပ်သမားတွေရဲ့ အခွင့်အရေးချိုးဖောက်နစ်နာမှုတွေကို အထောက်အထား ခိုင်လုံစွာ တိုင်ကြားလာရင်တော့ အဖွဲ့ချုပ်ပေ့ခ်မှ သတင်း တင်ပေးတာမျိုး ပြုလုပ် လုပ်ဆောင်ပေးပါတယ်။

**နွေဦးလုပ်သား-** လက်ရှိ ဖြေရှင်းပေးနေတာတွေအပေါ်မှာရောအခုအခြေအနေ အတိုင်းအတာနဲ့ကျေနပ်မှုရှိရဲ့လားခင်ဗျ

**မမိုးစန္ဒာမြင့်-** ခေတ်ကာအခြေအနေ အတိုင်းအတာ နဲ့ ပြောရရင် လက်ရှိဖြေရှင်းပေးနေတာတွေအပေါ်မှာ ကျေနပ်မှုမရှိပါဘူး။ ဘာကြောင့်လဲ ဆိုတော့ အလုပ်သမားတွေရဲ့ နစ်နာမှုကို လွတ်လပ်စွာဖြင့် လုပ်ခွင့်မရှိသလို အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို အပြည့်အဝကာကွယ်တောင်းဆိုပေးခွင့် မရှိလို့ပါ။

**နွေဦးလုပ်သား-** အလုပ်သမားတွေဖက်ကရော ဘယ်လိုတောင်းဆိုမှုတွေ အများဆုံးဖြစ်နေတာတွေ့ရလဲ

**မမိုးစန္ဒာမြင့်-** လက်ရှိမှာတော့ အလုပ်သမားများ၏ အခွင့်အရေးဆိုင်ရာ ၊ CBA စာချုပ်ပါအချက်များနှင့် ကုန်ဈေးနှုန်းတိုးမြင့်ခြင်းကြောင့် အနည်းဆုံးလုပ်အားခ တိုးတောင်းခြင်း၊ ၅/ ၈/ ၉/ မှတ်ပုံတင်ကိုင်ဆောင် ထားသော အလုပ်သမားများအား မတရားအလုပ်ထုတ်ခံရသော တောင်းဆိုချက်တွေ ရှိနေတယ်။ အခွင့်အရေးဆိုင်ရာ တောင်းဆိုချက်တွေကတော့ ခွင့်များယူလို့မရတော့ခြင်း၊ အိုတီကြေးမပေးတော့ခြင်း၊ အလုပ်ထုတ်ပါကနစ်နာကြေးအပြည့်အဝမပေးတော့ခြင်း၊ အပြစ်မရှိဘဲအလုပ်ထုတ်ခြင်း တို့ဖြစ်ပြီး CBA စာချုပ်ပါ အချက်အများဖြစ်တဲ့ အကျိုးစီးပွားဆိုင်ရာရပိုင်ခွင့်များ ကတော့ ရက်မှန်ကြေး၊ ဂရိတ်ကြေး၊ ကျွမ်းကျင်ကြေးတွေမပေးတော့ခြင်း —>>> **စာမျက်နှာ - ၁၀ သို့**

**စာမျက်နှာ ၉ မှအဆက်** ချိုးဖောက်မှုတွေအပေါ် တောင်းဆိုချက်တွေအပါ အခြားတောင်းဆို ချက်တွေကတော့ လစာ ဝန်ထမ်းတွေ မတရားအလုပ်ဖြုတ်တဲ့ ကိစ္စတွေ ၊ နေ့စားတွေကို နေ့စားခံစားခွင့် နဲ့ အညီ မရရှိတာတွေ၊ လက်ရှိကာလ ၅/ ၈/ ၉/ မျဉ်းစောင်း မှတ်ပုံတင်ကိုင်ဆောင်ထားသော အလုပ်သမားများကို အပြစ်မရှိပဲ အလုပ်ထုတ်တဲ့ကိစ္စ တွေအများဆုံးရှိနေပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် စက်ရုံအချို့မှာ အနည်းဆုံးလုပ်အားခတိုးမြင့်ပေးဖို့ တောင်းဆိုတာတွေရှိနေပါတယ်။

**နွေဦးလုပ်သား-** အရင်ကထက်အခုစစ်အာဏာသိမ်းကာလမှာဆောင်ရွက်နေရတာဆိုတော့ဘယ်လိုအခက်အခဲတွေများရှိနေလဲ

**မမိုးစန္ဒာမြင့်-** အလုပ်သမားအရေးဆောင်ရွက်တဲ့ အခါအာဏာမသိမ်းခင်ကာလတွေမှာလည်း မြေပြင်လုပ်ဆောင်လို့ ရတယ်ဆိုပေးမယ့် အခက်အခဲမျိုးစုံရှိသလို မတရားအာဏာသိမ်းထားတဲ့ လူသတ်အာဏာရှင်လက်အောက် အလုပ်သမားတွေရဲ့ ပြဿနာကိုဖြေရှင်း ကူညီရတာ အခက်အခဲမျိုးစုံ စိန်ခေါ်မှုမျိုးစုံရှိတယ်။ အရင်ကအလုပ်ရှင် အလုပ်သမားပြဿနာတွေဖြစ်ခဲ့ရင် မြေပြင်တောင်းဆိုမှုတွေ ညှိနှိုင်းမှုတွေပြုလုပ်လို့ရခဲ့တယ်။ ခုချိန်တွေမှာတော့ လူလည်းစုလို့မရသလို အငြင်းပွားမှုဖြေရှင်းရေးယန္တရားတွေကလည်း အသုံးမဝင်တော့ဘူး။ နောက်ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့ကလည်းတိမ်းရှောင်ရင်း အလုပ်သမားပြဿနာတွေကို ကူညီနေရတာဆိုတော့ ပိုခက်ခဲတယ်။ နောက်အခက်အခဲကတော့ ကျွန်မတို့အဖွဲ့ချုပ်အနေနဲ့ ကူညီပေးနိုင်ရင်တောင် အလုပ်သမားတွေအနေနဲ့ အလုပ်ရှင်တွေရဲ့ ခြိမ်းခြောက်မှုတွေကြောင့် ပြဿနာတွေဖြေရှင်းမှုမှာ လိုက်ပါဆောင်ရွက်မှု အားနည်းတာရှိတယ် ဒါကလည်းကာလအခြေအနေခြင်း မတူညီတဲ့အပေါ်မှာ ကျွန်မတို့လည်း အလုပ်သမားတွေကို နားလည်ပါတယ်။ အလုပ်ရှင်တွေ စစ်အာဏာရှင်လက်အောက် အလုပ်သမားဝန်ကြီးဌါန တွေရဲ့ ခြိမ်းခြောက်မှုတွေကြောင့် တစ်ချို့အလုပ်သမားတွေဆို အဖွဲ့ချုပ်နဲ့ဆက်သွယ်မှုကို ကြောက်ကြ စိုးရိမ်ကြတဲ့အလုပ်သမားတွေရှိကြတယ်။ ဒါကြောင့်လည်း ပြဿနာတွေကိုမဖြေရှင်းရဲပဲနစ်နာသွား တဲ့အလုပ်သမားတွေများစွာရှိနေကြတယ်။ ကျွန်မတို့ အနေနဲ့ အရင်ဒီလိုမျိုး အခြေအနေတွေ ကို မြေပြင်မှာ ရင်ဆိုင်နိုင်ခဲ့သော်လည်း ဒီလိုကာလတွေမှာတော့ စိန်ခေါ်မှုတွေ နဲ့ အခက်အခဲဆုံးတွေပါပဲ။

**နွေဦးလုပ်သား-** ညီနောင်သမဂ္ဂတွေနဲ့ပူးပေါင်းဆောင်ရွက်မှု့အခြေအနေ

**မမိုးစန္ဒာမြင့်-** ကျွန်မတို့ အဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံအလုပ်သမားတပ်ပေါင်းစု MAL Myanmar Labour Alliance မှာ အဖွဲ့ဝင်ဖြစ်ပါဝင်လှုပ်ရှားဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံအလုပ်သမားတပ်ပေါင်းစု MAL Myanmar Labour Alliance ကို ၂၀၁၉ ဒီဇင်ဘာလမှာ ဖွဲ့စည်းပြီး အဖွဲ့ဝင် ၁၉ ဖွဲ့ ပါဝင်ပါတယ်။ MLA အနေနဲ့ NUCC ကိုယ် စားလှယ် ၊ GSCB ကိုယ်စားလှယ် ၊ အခြားသော JCC ကော်မတီတွေမှာ ပါဝင်ဆောင်ရွက်နေပါတယ်။ MAL မှာ ပုံမှန် အစည်းအဝေးတွေရှိသလို၊ အပြန်အလှန်မျှဝေတာတွေလည်းရှိပါတယ်။ အလုံးစုံပိတ်ဆို့ မှု ကမ်ပိန်းကိုလည်း MAL မှ ဦးဆောင်ပြီး တော်လှန်ရေး အဖွဲ့ပေါင်း ၂၀၀ နဲ့ ပြုလုပ်နေတာလည်းရှိပါတယ်။ ပြည်တွင်း ပြည်ပ ညီနောင်သမဂ္ဂတွေနဲ့လည်း တူရာများ ပူးပေါင်းလုပ်ဆောင်တာတွေလည်း ရှိနေပါတယ်။ အဖွဲ့ချုပ် အနေနဲ့ကတော့ မူတူတာတွေကို အတူအကွ လုပ်ဆောင်တာမျိုးရှိပါတယ်။

**နွေဦးလုပ်သား-** လက်ရှိပြည်တွင်းအလုပ်သမားရေးကိစ္စရပ်တွေမှာ NUG နဲ့ပူးပေါင်းဆောင်ရွက်နေတာတွေရှိလား

**မမိုးစန္ဒာမြင့်-** လက်ရှိ NUG နဲ့ အဖွဲ့ချုပ် တိုက်ရိုက် ပူးပေါင်းဆောင်ရွတ်တာမျိုး မရှိသေးပါဘူး။ NUG ကို MAL အနေနဲ့ အရင် အစမှာ ပုံမှန်တွေ့ ဆုံတာမျိုးတွေ မျှဝေတာမျိုးတွေ ရှိပါတယ်။ ခုနောက်ပိုင်းမှာတော့ အရေးပေါ်ကိစ္စရပ်တွေလောက်သာ တွေ့ဆုံတာမျိုးရှိပါတယ်။ NUG ကို အဖွဲ့ချုပ်အနေနဲ့ မြေပြင်အလုပ်သမားတွေရဲ့ သတင်းအချက်အလက်တွေကိုမျှဝေတာမျိုးရှိပါတယ်။ လက်ရှိကတော့ ဒီလောက်ပါပဲ။

**နွေဦးလုပ်သား-** လက်ရှိမှာ ၅ /၈ မျဉ်းဇောင်းလုပ်သားတွေအပေါ်စကစကဖိနှိပ်နေတာတွေရှိနေတယ်အဲ့ဒီအပေါ်မှာ ရှောဘယ်လို မှတ်ချက်ပြုချင်လဲ

**မမိုးစန္ဒာမြင့်-** လက်ရှိမှာ ၅ /၈ မျဉ်းဇောင်းလုပ်သားတွေကို စကစကဖိနှိပ်နေတာတွေဟာ အလွန်ကိုမှ အကျည်းတန်ပြီး အကြောက်လွန်သော လုပ်ရပ်လို့မြင်တယ်။ အလုပ်သမားတွေဟာ စစ်တပ်မတရား အာဏာသိမ်းမှုကာလထဲက အလုပ်သမားအခွင့်အရေး ၊ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ပြောင်းပြောင်းတင်းတင်း နဲ့ မတရားခံ နေကြရတယ်။ ခု မျဉ်းစောင်းကိစ္စ ကလည်း အဆိုးရွားဆုံး မတရားအနိုင်ကျင့် အလုပ်ထုတ်မှုဖြစ်တယ်။ ဒါကြောင့် အလုပ်သမားအဖွဲ့အစည်းတွေ နဲ့ တော်လှန်ရေးအင်အားစုတွေအားလုံးက ဘယ်မျဉ်းစောင်းထိထိ အားလုံးနဲ့ငြိတယ် သက်ဆိုင်တယ်ဆိုပြီး ကမ်ပိန်းတွေ မြေပြင်သပိတ်တွေနဲ့ ဆန္ဒထုတ်ဖော်နေကြပါတယ်။ ၅/၈/၉/ မျဉ်းစောင်း ကမ်းပိန်ဟာ တစ်နိုင်ငံလုံးအတိုင်းအတာအရအောင်မြင်ခဲ့ပါတယ်။ ဒါဟာ စည်းလုံးခြင်း ရဲ့ အင်အားဖြစ်တယ်။ —>>> **စာမျက်နှာ - ၁၁ သို့**

**စာမျက်နှာ ၁၀ မှအဆက်** မတရားမှုတွေကို စည်းလုံးခြင်းအင်အားနဲ့ ဆက်လက်တိုက်ပွဲဝင်သွားဖို့လည်း အလုပ်သမား ရဲဘော်တွေကို အမှာစကားပါးချင်ပါတယ်။

**နွေဦးလုပ်သား-** NUGရဲ့အလုပ်သမားဝန်ကြီးဌာနအပေါ်မှာဘယ်လိုဝေဖန်အကြံပြုခြင်တာမျိုးရှိလဲ

**မမိုးစန္ဒာမြင့်-** NUG ရဲ့ အလုပ်သမားဝန်ကြီးဌါနအနေနဲ့ အလုပ်အမားတွေအပေါ် ကျေနပ်လောက်တဲ့အခြေအနေ လုပ်ဆောင်မှုမျိုး မရှိသလောက်ပါပဲ။ အလုပ်သမားတွေအပေါ်မှာတော့ NUG အစိုးရရဲ့အသိအမှတ်ပြုမှုကိုလည်း အားရစရာမရှိသေးပါဘူး။ ကျွန်မအနေနဲ့ ကတော့ အလုပ်သမားရှုထောင့်ကနေပြီး မြင်တာ ပြောရရင် နွေဦးတော်လှန်ရေး ရှေ့ဆုံးကနေ ထု နဲ့ ထည် နဲ့ပါဝင်ခဲ့တာ အလုပ်သမားတွေ ဖြစ်ပါတယ်။ တော်လှန်ရေးရဲ့ရှေ့ဆုံးမှာပါဝင်ခဲ့တဲ့ အလုပ်သမားတွေဟာ အသက်တွေဆုံးရှုံးခဲ့တာတွေ၊ မတရားဖမ်းဆီးခံရတာတွေ၊ ထွက်ပြေးထိမ်းရှောင်အလုပ်ပြုတ်သွားတဲ့ အလုပ်သမားတွေကို NUG အနေနဲ့ လုပ်ပေးတာတွေမတွေ့ရပါဘူး။ လက်ရှိလုပ်ငန်းခွင် တွေထဲမှာလည်း ထဲမှာအလုပ်သမားတွေရဲ့ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်တေ၊ အလုပ်သမားအခွင့်အရေး CBA စာချုပ်ချိုးဖောက်မှု တွေများစွာနဲ့ အလုပ်သမားတွေရင်ဆိုင်နေရတာတွေကိုလည်း NUG အနေနဲ့ လုပ်ပေးတာတွေမတွေ့ရပါဘူး။ အငြင်းပွားမှုဖြေရှင်းဖို့တွေ အတွက် နစ်နာသူ အလုပ်သမားတွေက ပြည်တွင်းမြေပြင်မှာရှိနေပြီး မြေပြင်မှာမရှိသေးတဲ့ NUG အစိုးရအနေနဲ့ ဖြေရှင်းနိုင်ဖို့ဆိုတာ မလွယ်ကူနိုင်ဘူး ဆိုတာကိုတော့နားလည်ပါတယ်။ ဒါပေမယ့်လည်းနိုင်ငံတကကုန်အမှတ်တံဆိပ်တွေကနေအစိုးရခြင်း ဖိအားပေးတာမျိုးတွေကို တိုက်တိုက်တွန်းတွန်းလုပ်ဆောင်စေချင်ပါတယ်။ အပေါ်မှာ တင်ပြထားသလို အသက်ဆုံးရှုံးသွားတဲ့ အလုပ်သမားတွေ ထွက်ပြေး တိမ်းရှောင်ရင် အလုပ်ပြုတ်ပြီး အလုပ်လက်မဲ့ဖြစ်သွားတဲ့ခက်ခဲနေတဲ့ အလုပ်သမားတွေကို NUG အစိုးရတစ်ရပ်အနေနဲ့ လုပ်သင့်တာတွေ လုပ်နိုင်ဖို့ကိုလည်းတိုက်တွန်းပါတယ်။ မြန်မာနိုင်ငံ အလုပ်သမားတပ်ပေါင်းစု နဲ့ လည်းအလုပ်သမားအရေးတွေ လှုပ်ရှားဆောင်ရွက် လုပ်ဆောင်ရာတွင် NUG အစိုးရအနေနဲ့ ရှေ့ဆောင်လမ်းပြ ဦးဆောင်ပါဝင်တာမျိုးလည်း လည်းတိုက်တွန်းချင်ပါတယ်။ အဖွဲ့ချုပ်နေနဲ့က တော့ အလုပ်သမားတွေကို ထပ်ပြီးအမေ့လျော့ထား သွားအုန်းမယ် ဆိုရင်တော့ ဘယ်အာဏာရှင်မျိုးမဆို အဲ့ဒီစနစ်ကို ချေမှုန်းသွားမှာ ဖြစ် ပါတယ်။

**နွေဦးလုပ်သား-** ပြည်တွင်းပြည်ပလုပ်သားထုကြီးအပေါ်ရော အကြံပြုပြောခြင်တာ၊ တိုက်တွန်းလိုတာများရှိရင်လဲ ပြောပြပေးပါအုံးခင်ဗျ

**မမိုးစန္ဒာမြင့်-** အရပ်သားအစိုးရလက်ထက်တုန်းက ဆိုရင်တော့အလုပ်သမားတွေ သမဂ္ဂတွေရဲ့တောင်းဆိုမှုတွေကို ကျွန်မတို့လို အဖွဲ့ချုပ်တွေရဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကြောင့် အလုပ်သမားတွေရဲ့အလုပ်သမားအခွင့်အရေး တွေကိုကာကွယ်ပေးနိုင်ခဲ့တယ်ပေါ့။ ခုချိန်မှာတော့ သမဂ္ဂတွေရောကျွန်မတို့လိုအဖွဲ့ချုပ်တွေရော ဖမ်းဆီးခံနေရ တာတွေရှိသလိုဝရမ်းများကြောင့်ထွက်ပြေးတိမ်းရှောင်နေကြရတယ်ပေါ့။ အလုပ်သမားတွေဟာဆိုရင် အရင်ထဲကလည်းကိုယ်တွေရဲ့ အခွင့်အရေးကိုကိုယ်တိုင်တောင်းဆိုတိုက်ပွဲဝင်ပြီး ယူခဲ့ကြရတာဖြစ်တယ်။ အလုပ်သမားဥပဒေတွေရှိသော်ငြားလည်း ဥပဒေတွေကအလုပ်သမားတွေ အပေါ်မှာအကာအကွယ် မရှိခြင်းခဲ့ဘူး။ အရင်က မရှိဘူး ခုချိန်မှာ အရှေ့မှာပြောခဲ့သလိုသုံးစားမရတော့ဘူး။ အာဏာသိမ်းကာလအလုပ်သမားတွေရဲ့ အခက်အခဲများအနေနဲ့လုပ်အားခခေါင်းပုံဖြတ်မှု အလုပ်ချိန်အမြတ်ထုတ်မှု အဓမ္မခိုင်းစေမှု များစွာနဲ့ရင်ဆိုင်ကြုံတွေနေ ရမှုများကိုတိုင်ကြားမှုတွေလက်ခံရရှိသလို သတင်းမီဒီယာများ တွင်လည်းများစွာတွေ့ရှိနေကြတယ်။ အလုပ်သမားတွေအနေနဲ့အခက်အခဲတွေကိုတိုင်ကြားလာမှု အပေါ်ကျွန်မတို့အဖွဲ့ချုပ်တွေအနေနဲ့ ကတော့အရင်ပုံစံကူညီမှုနဲ့တော့ ကူညီနိုင်ဖို့ရာမှာအခက်အခဲတွေရှိနေတယ်။ ဒါပေမယ့်လည်းအခက်အခဲတွေကြားက မတူညီတဲ့ပုံစံတွေနဲ့ တော့အလုပ်သမားတွေ ကိုယ်တိုင်ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေနဲ့ စိတ်ခွန်အားတွေတော့ပေးနေပါတယ် ဒါကလည်းထိရောက်တဲ့ အဖြေမဟုတ်ပါဘူး။ အလုပ်သမားတွေကို သတင်းစကားပါးချင်တာကတော့ကျွန်မတို့အဖွဲ့ချုပ် အနေနဲ့လည်းအလုပ်သမားတွေ အတွက် လွတ်လပ်ပြီးတရားမျှတတဲ့နိုင်ငံတော်နှင့် ကောင်းမွန်သောလုပ်ငန်းခွင် ဖြစ်လာဖို့အတွက် အာဏာရှင်ကိုတွန်းလှန် နေတဲ့နေရာမှာ အလုပ်သမားတွေအနေနဲ့လည်း တက်ကြွစွာပါဝင်ဖို့ကိုလည်းဒီလိုက်ကနေတဆင့်ပြောကြားလိုက်ပါတယ်။ အလုပ်သမား ရဲဘော်အပေါင်း တို့ကို အထူးတိုက်တွန်းချင်တာ မှာချင်တာကတော့ လက်ရှိကာလတွေမှာ မိမိတို့ရဲ့ အခွင့်အရေးကို မိမိအပါ စုပေါင်းအားနဲ့ တောင်းယူ တိုက်ယူကြဖို့ပါ စည်းလုံးခြင်းသည် အင်အားပါ ရဲဘော်တို့ရေ။ ပြည်ပ အလုပ်သမားတွေကို တိုက်တွန်းချင်တာကတော့ ပြည်တွင်းက အလုပ်သမားရဲဘော်တွေနဲ့ သွေးစည်းညီညွတ်မှု အတူရှိနေပေးစေချင်ပါတယ်။ ဒီလောက်ပါပဲ

အခုလိုအချိန်ပေးပြန်ပြန်လည်ဖြေကြားပေးတဲ့အတွက်မြန်မာနိုင်ငံအထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(FGWM)ဥက္ကဌ မမိုးစန္ဒာမြင့် အား နွေဦးလုပ်သားသတင်းလွှာအယ်ဒီတာအဖွဲ့မှကျေးဇူးတင်ပါတယ်။

( အင်တာဗျူး )

# မြန်မာ့ လုပ်သားများ ဟာ ငွေဝယ် ကျွန်မဟုတ်ကြပါ

**စက်တင်ဘာ ၊ ၁ ရက်**

မြန်မာလုပ်သားတွေဟာနိုင်ငံပြင်ပမှာရွှေ့ပြောင်းလုပ်သားတွေအဖြစ်လုပ်ကိုင်နေကြရပြီး၊ L 0၏တရားဝင်စာရင်းထုတ်ပြန်ချက်တွေအရနှစ်သန်းမကရှိနေသည်ဟုသိရသည်။

ယခုဆိုလျှင်ကိုဗစ်-၁၉ ရောဂါနိုင်ငံရေးမတည်ငြိမ်မှု၊ စစ်အာဏာသိမ်းမှု၊ စစ်အုပ်စု၏လုပ်သားများအပေါ် ရက်ရက်စက်စက်ဖိနှိပ်မှုတွေကြောင့်အိမ်နီးခြင်းနိုင်ငံတွေဖြစ်သည့်ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနဲ့ တရုတ်နိုင်ငံတွေကိုတရားဝင် သာမကတရားမဝင်နည်းလမ်းများဖြင့်ပါရရာနည်းလမ်းထြင့်ဝင်ရောက်၍ပိုမိုလုပ်ကိုင်လာကြသည်ကိုတွေ့ရှိရသည်။

ထိုင်းနိုင်ငံရောက်ရွှေ့ပြောင်းလုပ်သားအရေးဆောင်ရွက်သူများ၏ပြောဆိုချက်များအရ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ဇူလိုင်လအတွင်းထိုင်းနိုင်ငံကိုနှစ်နိုင်ငံနယ်စပ်အသီးသီးမှပွဲစားများဖြင့်တရားမဝင်ဝင်ရောက်လာသည့်မြန်မာလုပ်သားဦးရေလေးသောင်းကျော်နီးပါးမှာလက်ရှိအချိန်အထိတရားမဝင်နယ်စပ်ဖြတ်ကျော်မှုဖြင့်ဖမ်းဆီးခံထားရသည်ဟုသိရသည်။

ယခုလက်ရှိအချိန်မှာထိုင်းနိုင်ငံဘက်မှနိုင်ငံခြားလုပ်သားများအပေါ်သတ်မှတ်ချက်အချို့ပြန်လည်လျော့ချပေးမှုများကြောင့်မြန်မာနိုင်ငံမှတရားဝင်အေဂျင်စီများမှတဆင့်ထိုင်းနိုင်ငံရှိစက်ရုံအလုပ်ရုံများသို့တရားဝင်ပြန်လည်ဝင်ရောက်လုပ်ကိုင်ခွင့်ရနေသော်လည်းအေဂျင်စီအချို့၏တရာဝင်ခံမှု့၊တာဝန်ယူမှုမရှိခြင်းတို့ကြောင့်ထိုင်းနိုင်ငံအတွင်းသို့ရောက်ရှိမှဒုက္ခရောက်နေသည့်အလုပ်သမားများလည်းရှိနေသည်။

မိမိနိုင်ငံမှာလည်းစစ်အာဏာရှင်များ၏ဒုက္ခပေးမှု၊ထိုင်းနိုင်ငံမရောက်ခင်စပ်ကြားမှာလည်းအချို့သောမသမာသည့်ပွဲစား၊အေဂျင့်စီများ၏ကွေကြေးလိမ်လည်မှု၊ထိုင်းနိုင်ငံအတွင်းရောက်ရှိသည့်အခါမှာလည်းမသမာသည့်အချို့သောထိုင်းအာဏာပိုင်အဖွဲ့အစည်းများမှငွေညှစ်မှု၊ အစရှိသည့်ဒုက္ခအမျိုးမျိုးနှင့်မြန်မာလုပ်သားများမှာမိအေးအခါခါနာရတော့သည်။

သို့ပေမယ့်တရားဝင်သည်ဖြစ်စေတရားမဝင်သည်ဖြစ်စေမိမိတို့လက်ဝါရှိရမည့်အထောက်အထားများရှိနေပါကလုပ်သားများအနေဖြင့်မိမိတို့အပေါ်၊လုပ်အားခေါင်းပုံဖြတ်မှုများ၊ချိန်းခြောက်အကြပ်ကိုင်ငွေညှစ်မှုများ၊လုပ်သားအခွင့်အရေးချိုးဖောက်ခံရမှုများရှိလာပါကသက်ဆိုင်ရာရွှေ့ပြောင်းလုပ်သားအရေးကူညီဆောင်ရွက်သူများ၊အလုပ်သမားအဖွဲ့အစည်းများ၊မြန်မာလုပ်သားများ၏အသံများကိုဖော်ထုတ်ပေးနေသည့်သတင်းမီဒီယာများ၊သို့မဟုတ်မိမိတို့လုပ်ကိုင်နေသည့်စက်ရုံတွင်းရှိမြန်မာလုပ်သားများစုပေါင်းအားဖြင့်ဖြေရှင်းနိုင်သည့်နည်းလမ်းများရှိနေသည်။


ဆိုလိုသည်မှာမိမိတို့အခွင့်အရေးချိုးဖောက်ခံရမှုများ၊မိမိတို့ပါတ်ဝန်းကျင်ရှိလုပ်သားအခွင့်အရေးချိုးဖောက်ခံရမှုများ၊အနိုင်ကျင့်ချိန်းခြောက်မှုများကိုတခါလောက်လိုက်လျောမိသည်ကပင်မိမိတို့သာမကမိမိတို့နိုင်ငံသားရွှေ့ပြောင်းလုပ်သားများ၏အခွင့်အရေးဆုံးရှုံးနစ်နာမှုဖြစ်သည်ကိုသတိချပ်စေလိုပါသည်။

သို့ဖြစ်၍အခွင့်အရေးဆုံးရှုံးနစ်နာမှုများအတွက်တိုင်ကြားလိုသည့်လုပ်သားများအနေနှင့်မိမိတို့အခွင့်အရေးဆုံးရှုံးနစ်နာမှုများအတွက်ရဲရဲဝံ့ဝံ့နှင့်ပွင့်ပွင့်လင်းလင်းတိုင်ကြားဆွေးနွေးရန်လိုသလိုအကူအညီတောင်းခံမှုများအတွက်လည်းလွတ်လပ်ပွင့်လင်းစွာနှင့်အမျိုးသားညီညွှတ်ရေးအစိုးရ၊အလုပ်သမားဝန်ကြီးဌာနအပါအဝင်သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၊ရွှေ့ပြောင်းလုပ်သားအသံများကူညီဖော်ထုတ်ပေးနေသည့်သတင်းဌာနများသို့သာရေးသားပေးပို့ခြင်းသို့မဟုတ်တယ်လီဖုန်းဖြင့်ဆက်သွယ်ပြောဆိုတိုင်ကြားခြင်းတို့ပြုလုပ်နိုင်သည်။

အချုပ်အားဖြင့်မြန်မာ့လုပ်သားများအတွက်ပြောလိုသည်မှာမိမိ၏လုပ်အားသည်မိမိ၏အရင်းအနှီးဖြစ်သလိုမိမိလုပ်အားအတွက်ရသင့်ရထိုက်သည့်လုပ်ခလစာ၊အခွင့်အရေးတို့မဆုံးရှုံးရေးကိုမိမိတို့ကိုယ်၌သာမကစုပေါင်းအားဖြင့်သွေးစည်းညီညွှတ်စွာကာကွယ်ကြရမည်သာဖြစ်သည်။

(အယ်ဒီတာ့အတွေးအမြင်)

# မြန်မာနိုင်ငံ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး




**စက်တင်ဘာ ၊ ၁ ရက်**

မြန်မာနိုင်ငံရှိ လုပ်ငန်းကဏ္ဍအသီးသီးတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားအများစုသည် စနစ်တကျစီမံကြီးကြပ်သည့် လုပ်ငန်းခွင်များတွင် လုပ်ကိုင်ရမှု မရှိခြင်းကြောင့် မလိုလားအပ် သည့် လုပ်ငန်းခွင်ထိခိုက်မှုများ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရရှိမှုများ ကြုံတွေ့နေရပါသည်။ အသေးစားနှင့် အလတ်စား ကုန်ထုတ်လုပ်မှု လုပ်ငန်းများမှစ၍ အကြီးစား စက်မှုကုန်ထုတ် လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော် ထုတ်လုပ်ခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆိပ်ကမ်းလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း စသည့် လုပ်ငန်းကဏ္ဍအသီးသီး တွင် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိကြောင်း သိရှိရပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကဏ္ဍကို စစ်ဆေးစည်းကြပ်ရန် တာဝန် ရှိသည့် အလုပ်သမားဝန်ကြီးဌာနရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အနေဖြင့် လုပ်ငန်းကဏ္ဍအသီးသီးကို စည်းကြပ်ရန် ဥပဒေအရ အကျုံးဝင်မှု မရှိသေးခြင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တာဝန်ယူကြီးကြပ်နေ သည့် ဝန်ကြီးဌာနများအနေဖြင့်လည်း မူဝါဒနှင့် စည်းမျဉ်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက် လျက်ရှိသော်လည်း ခိုင်မာတိကျသည့် ဥပဒေနှင့် အရင်းအမြစ်များ အားနည်းခြင်းတို့ကြောင့် ဖြစ်ပွားလျက်ရှိသည့် လုပ်ငန်းခွင် ထိခိုက်မှုနှင့် ရောဂါဘယဆိုင်ရာ အခြေခံအကြောင်းအရင်းနှင့် သတင်းအချက်အလက်များ မရရှိဘဲ ထိန်းချုပ်ကာကွယ်နိုင်မှု အားနည်းလျက်ရှိပါသည်။ ကျောက်မျက်နှင့် သတ္တုတူးဖော်ရာ ဖားကန့်ဒေသနှင့် ဒေသအချို့တွင် မြေစာပုံပြိုကျမှုကြောင့် လူပေါင်းရာချီထိခိုက်မှု၊ သေဆုံးမှု၊ ပျောက်ဆုံးမှုများ၊ တည်ဆောက်ဆဲ အဆောက်အဦ ပြိုကျမှု ကြောင့် ဆောက်လုပ်ရေးလုပ်သားများ ထိခိုက်သေဆုံးမှုများ၊ မြေကျင်းတူးခြင်းနှင့် သိုလ်လှောင် ကန်များအတွင်း ဝင်ရောက်လုပ်ကိုင်စဉ် ထိခိုက်သေဆုံးမှုများ စသည့် ဖြစ်ရပ်များ ထပ်ဖန်တလဲလဲ ဖြစ်ပွားနေခြင်းက နိုင်ငံတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် အားနည်းမှုကို မီးမောင်းထိုးပြလျက်ရှိသည်။ စစ်ဆေးစည်းကြပ်ရန် တာဝန်ရှိသည့် ဌာနအနေဖြင့် လည်း ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေနှင့် အကျုံးဝင်သည့် လုပ်ငန်းကဏ္ဍကိုသာ တာဝန် ယူဆောင်ရွက်နိုင်ခြင်း၊ လုပ်ငန်းကဏ္ဍအသီးသီးကို လွှမ်းခြုံသည့် ဥပဒေ ပြဋ္ဌာန်းကျင့်သုံးနိုင်မှု၊ အာဏာသက်ဝင်မှု မရှိသေးခြင်း၊ ကောင်းမွန်သည့် စနစ်တစ်ခုကို မတည်ဆောက်နိုင်ခြင်းတို့ ကြောင့် ဖော်ပြပါဖြစ်ရပ်များအပေါ် တိကျသည့် သတင်းအချက်အလက်များနှင့် ဖြစ်ပွားစေသည့် အခြေခံအကြောင်းအရင်းများ မသိရှိရဘဲ ထိန်းချုပ်ကာကွယ်မှုများ မပြုနိုင်ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ရာ အလုပ်သမားများအပါအဝင် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တွင် ရှိနေသူ များ၏ ဘဝနှင့် အသက်များ မဆုံးရှုံးသင့်ဘဲ ထိခိုက်ဆုံးရှုံးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ —>>> **စာမျက်နှာ - ၁၄ သို့**

**စာမျက်နှာ ၁၃ မှအဆက်** ကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ပါအားနည်းချက်များကြောင့် ဖြစ်ကြောင်း ခြုံငုံသုံးသပ်ရရှိပါ သည်-

(က) လုပ်ငန်းကဏ္ဍအားလုံး အကျုံးဝင်သည့် ဥပဒေနှင့် စံသတ်မှတ်ချက်များ မရှိခြင်း၊

( ခ) လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေသည့် ဌာန/အဖွဲ့အစည်းများ ပြန့်ကျဲ ဖောင်းပွနေခြင်းနှင့် စုစည်းမှု အားနည်းခြင်း၊

( ဂ) ကောင်းမွန်ထိရောက်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် နှင့် အခြေခံမူဘောင် မတည်ဆောက်နိုင်ခြင်း၊

(ဃ) လုပ်ငန်းခွင်နှင့် သက်ဆိုင်သူများအားလုံးသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လေးစားလိုက်နာမှု အားနည်းခြင်းနှင့် အသိအမြင်နည်းပါးခြင်း။

၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထုတ်ပြန်ခဲ့သော လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေသည် လုပ်ငန်းကဏ္ဍ အများစုနှင့် အကျုံးဝင် သက်ဆိုင်ပြီး ဥပဒေအားနည်းချက်များအပေါ် ဖြေရှင်းနိုင်လိမ့်မည်ဖြစ် သည်။ သို့ရာတွင် အဆိုပါဥပဒေအသစ် အာဏာသက်ဝင်မှု မရှိသေးခြင်းနှင့် ကျင့်သုံးအကောင် အထည်ဖော်ရာတွင် နောက်ဆက်တွဲ ရေးဆွဲပြဋ္ဌာန်းရမည့် နည်းဥပဒေများစွာ မဖြစ်မနေ လိုအပ် လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဓိကတာဝန်ရှိသည့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် ဥပဒေ အသစ် အာဏာသက်ဝင်ပါက ကုန်ထုတ်လုပ်ငန်းကဏ္ဍဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများကိုသာ စစ်ဆေးစည်းကြပ်နေရသည့် အခြေအနေမှ လုပ်ငန်းကဏ္ဍအသီးသီးကို လွှမ်းခြုံပြီး စစ်ဆေးစည်း ကြပ်နိုင်မည့် မဟာဗျူဟာနှင့် နည်းစနစ်များ စနစ်တကျ ချမှတ်ခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကောင်စီ၏ လုပ်ငန်းများကို ဦးဆောင် အကောင်အထည်ဖော်ပေးခြင်း၊ သက်ဆိုင်ရာဌာနနှင့် ပူးပေါင်း၍ စံနှုန်းများ သတ်မှတ်ခြင်း၊ လုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ ပြင်တွင်း/ပြည်ပကျွမ်းကျင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရည်အသွေးပြည့်မီသော ကျွမ်းကျင်သူများ မွေးထုတ်ပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ လုပ်ငန်းခွင်များတွင် ထိရောက်စွာ စွမ်းဆောင်နိုင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ မန်နေဂျာ၊ ကြီးကြပ်သူများကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် အသိအမှတ် ပြုလက်မှတ်ထုတ်ပေးခြင်းစသည့် လုပ်ငန်းတာဝန် များစွာကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုပါသည်။ သို့အတွက် ဝန်နှင့် အားမျှတမှုရှိစေရန် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖွဲ့စည်းမှုကို ပြန်လည်သုံးသပ်ပြင်ဆင်ပြောင်းလဲရန် လိုအပ်ပါသည်။ ဒေသတွင်းနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများကို လေ့လာကြည့်ပါက မလေးရှားနိုင်ငံတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကို ပြဋ္ဌာန်း၍ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနလက်အောက်၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဦးစီးဌာန (Department of Occupational Safety and Health-DOSH) ကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံတွင်လည်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကို ပြဋ္ဌာန်း၍ အလုပ်အကိုင်နှင့် အလုပ်သမား ဝန်ကြီးဌာန လက်အောက်၌ ကိုရီးယား လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အေဂျင်စီ (Korea Occupational Safety and Health Agency-KOSHA) ကို လည်းကောင်း ဖွဲ့စည်းပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားပြီး သီးခြားဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

ထို့ပြင် ဥပဒေအသစ် အာဏာသက်ဝင်ကျင့်သုံးပြီးပါက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာမူဘောင် ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအလုပ်သမား ရေးရာအဖွဲ့ (ILO)၏ Promotional Framework for Occupational Safety and Health Convention, ၂၀၀၆ (No. ၁၈၇) အပါအဝင် နိုင်ငံတကာ ကျင့်ထုံးကောင်းများကို လေ့လာစံနမူနာ ယူကာ ကြိုတင်ပြင်ဆင်သင့်ပါသည်။ ဝန်ကြီးဌာနအချို့ရှိ ဆက်စပ်လုပ်ဆောင်နေသည့် ဌာန၊ အဖွဲ့အစည်းများကို စုစည်းခြင်း၊ ပြင်ပအဖွဲ့အစည်း များနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်း၊ စံနှုန်းများ သတ်မှတ်ထုတ်ပြန်ခြင်း၊ သုတေသနပြုခြင်း၊ အသိအမြင်မြှင့်တင်ရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည်တို့ကို စနစ်တကျ ဝိုင်းဝန်းဆောင်ရွက်သင့်ကြောင်း အကြံပြုတိုက်တွန်း အပ်ပါသည်။

စွမ်းရည်

( သတင်းဆောင်းပါးကဏ္ဍ )

## (၇၂)နှစ်မြောက် ကရင်အာဇာနည်နေ့အခမ်းအနားသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတက်ရောက်ဂုဏ်ပြုခဲ့

**စက်တင်ဘာ ၊ ၁ ရက်**

ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျရောက်သည့်(၇၂)နှစ်မြောက် ကရင်အာဇာနည်နေ့အခမ်းအနားသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးကျော်နီ တက်ရောက်ဂုဏ်ပြုခဲ့သည် ဟုသိရပါသည်။

ဒါ့အပြင်အလုပ်သမားဝန်ကြီးဌာနအနေနှင့် (၇၂)နှစ်မြောက်ကရင်အာဇာနည်နေ့မှာ ကရင်တိုင်းရင်းသားတို့၏လွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်၊ ကိုယ်ပိုင်ပြဌာန်းခွင့်တို့အတွက်ဖိနှိပ်သူ အပေါင်းကိုတော်လှန်လှန်ရင်း ကျဆုံးသွားခဲ့ရသည့်စောဘဦးကြီးနှင့်တကွကရင့် အာဇာနည်အပေါင်းကို အောက်မေ့ဂုဏ်ပြုသောအားဖြင့်သတ်မှတ်ထားသည့် ကရင့်အာဇာနည်နေ့ဖြစ်သည့်အတွက်အစဥ် အောက်မေ့သတိရစွာဖြင့် ဂုဏ်ပြုအပ်ပါကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

( သတင်းစဉ် )

## မတရားအမှုဆင်ခံခဲ့ရသည့်အလုပ်သမား(၅)ဦးအတွက်လုပ်ငန်းခွင်ဆိုင်ရာ တာဝန်ယူမှုတာဝန်ခံမှုမရှိသည့် Adidas ကိုကမ်ပိန်းပြုလုပ်ပြီးဆန္ဒပြခဲ့

**စက်တင်ဘာ ၊ ၁ ရက်**

ရန်ကုန်တိုင်းဒေသကြီး မြန်မာပေါင်ချိန်ဖိနပ်စက်ရုံမှာ ဖြစ်ပွားခဲ့တဲ့လုပ်သား၅ဦးအပေါ် မတရားအမှုဆင်ခြင်းဆိုင်ရာကိစ္စရပ်များ အတွက်စက်ရုံရဲ့ပင်တိုင်ချုပ်နေသည့် Brand ဖြစ်သည့် Adidas ကုမ္ပဏီကိုပြည်တွင်းမှာရှိနေသည့် သမဂ္ဂများကယမန်နေ့ ဩဂုတ်လ၁စရက်နေ့မှာ တကမ္ဘာလုံးမှာရှိနေတဲ့သမဂ္ဂအဖွဲ့ဝင်များနှင့်အတူ Clean Clothes Campaign မှာဆန္ဒပြခဲ့သည်ဟု STUM မှသိရပါသည်။

မြန်မာပေါင်ချိန် စက်ရုံမှလုပ်သားများအပေါ် အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဥ်မှာ- ၂၀၁၉ ခုနှစ်အောက်တိုဘာ ၁၈ ရက်တွင်မြန်မာပေါင်ချိန် ဖိနပ်ချုပ်စက်ရုံတွင်လုပ်ကိုင်နေသည့်လုပ်သား(၅)ဦး သမဂ္ဂဖွဲ့စည်းရန်ဆောင်ရွက်နေသူများကို စက်ရုံမန်နေဂျာဆိုသူမှ ဂိုဒေါင်အတွင်းပိတ်လိတ်များယူရန်ခိုင်းစေထားသည့်နေ့တွင်အဆိုပါအလုပ်သမား၅ဦးမှပိတ်လိတ်များခိုးယူခဲ့သည်ဟုဆိုကာစက်ရုံမန်နေဂျာမှလျော်ကားရဲစခန်းတွင်အမှုဖွင့်ဖမ်းဆီးခဲ့ပါသည်။

အဆိုပါဖြစ်စဥ်မှာလာရောက်ဖမ်းဆီးစဥ်နေအိမ်တွင်ရှိနေသည့်အလုပ်သမားတဦးသာဖမ်းဆီးခံခဲ့ရပြီး(၄)ဦးလွတ်မြောက်သွားခဲ့ပါသည်။ ကျန်လုပ်သားသမားများအားအိုတီခေါ်ယူပြီးပိတ်လိတ်သယ်ခိုင်းသည့်စီစီတီဗီမှတ်တမ်းကိုယူပြီးရဲစခန်းတွင်အမှုဖွင့်ခဲ့သော်လည်းပိတ်လိတ်များမှာစက်ရုံအတွင်း၌ရှိနေခဲ့ပါသည်။

စက်ရုံဖက်ကစတင်စွပ်စွဲသည့်အခါမှစပြီးလုပ်သားများပိုအလုပ်ကဆိုင်းငံ့ထားပြီးပြည်တွင်းသမဂ္ဂများမှလိုက်ပါဆောင်ရွက်ခဲ့သည့်အချိန်တွင်စက်ရုံဖက်မှခုံသမာဓိကောင်စီတွင်အလုပ်သမားများကိုသုံးလသာဆိုင်းငံ့ထားခြင်းဖြစ်ပြီးပြန်လည်ခန့်အပ်မည်ဖြစ်ကြောင်းပြောဆိုခဲ့သော်လည်းနောက်ပိုင်းတွင်ရဲစခန်းမှာအမှုဖွင့်ကာဖမ်းဆီးခိုင်းခဲ့သည်။လက်ရှိအချိန်မှာဖမ်းဆီးခံရသူတဦးသည်ခိုးယူမှုဖြင့်မတရားထောင်ဒါဏ်ချမှတ်ခံခဲ့ရပြီးပြန်လည်လွတ်မြောက်လာပြီဖြစ်ကာတွေ့ဆုံမေးမြန်းမှုများကိုကြောက်ရွံ့စိတ် ရက်ရွံ့စိတ်တို့ဖြင့် ဖြေဆိုရန်ငြင်းဆန်နေသည်။

ယခုကိစ္စများနှင့်ပါတ်သတ်ပြီး- "ဒီနေ့ဟာ Adidas ကို တည်ထောင်တဲ့နေ့ဖြစ်ပါတယ်။ တကမ္ဘာလုံးမှာရှိနေတဲ့ Clean Clothes Campaign ရဲ့ အဖွဲ့ဝင်သမဂ္ဂတွေ၊ မိတ်ဖက်သမဂ္ဂတွေ အနေနဲ့ Adidas နဲ့ပါတ်သက်တဲ့ payyourworkers campaign ကိုအတူတူတပြိုင်နက်ထဲပြုလုပ်ကြပါတယ်။ STUM အနေနဲ့ CCC ရဲ့ member သမဂ္ဂ အနေနဲ့ မြန်မာမှာ ချိုးဖောက်ခံထားရတဲ့အလုပ်သမား ၅ ဦးကိုယ်စား တောင်းဆိုချက် ထုတ်ပြန်လိုက်တာဖြစ်တယ်လို့" STUM မှထုတ်ပြန်ချက်အရသိရသည်။

( သတင်းစဉ် )

# ကီလိုကြေးပွင့်လင်းမြင်သာစွာမချပြတဲ့အပြင်မျှတတဲ့လုပ်အားထမရရှိတာကြောင့် Foodpanda ကိုမန္တလေး Rider ဝန်ထမ်းတွေတတိယအကြိမ်သပိတ်မှောက်



**စက်တင်ဘာ ၊ ၁ ရက်**

မန္တလေး Foodpanda Riders များသည် လုပ်အားနှင့် ကိုက်ညီသည့် ကီလိုကြေးမရခြင်းနှင့် လက်ရှိ ကီလိုကြေးပမာဏအား ရှင်းလင်းတိကျစွာ အသိမပေးခြင်းတို့ကြောင့် ဩဂုတ် ၂၅ ရက် ကြာသာပတေးနေ့မှ စတင်၍ လုပ်ငန်းခွင်မဝင်ဘဲ တတိယအကြိမ်မြောက် အဖြစ်သပိတ်မှောက်ကြပါတယ်။

ဩဂုတ်လ၂၀ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ထုတ်ပြန်ချက်ကြောင့် ယခုလိုသပိတ်မှောက်ခဲ့တာဖြစ်ပေမယ့် Rider များ၏ တောင်းဆိုချက်ကို ကုမ္ပဏီဘက်က လိုက်လျောခြင်းမရှိခဲ့တဲ့အပြင် ဩဂုတ် ၂၆ ညပိုင်းတွင်လည်း လူသစ်အစားထိုးခန့်အပ်၍ ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိတယ်လို့သိရပါတယ်။

"၂၀၂၁ ခုနှစ်သုံးလပိုင်းတုန်းက သူတို့ ခေါ်တွေ့တယ် စားသောက်ဆိုင်လေးတခုမှာ ဒါပေမယ့်နှုတ်ဂတိပဲ ပေးသွားတယ်။ သူတိုပေးတဲ့ကတိအတိုင်းပီလိုကြေးတရာတိုးပေးတာနှစ်ပါတ်လောက်အထိပြီးတော့ဖလပိုင်းမှာရန်ကုန်က rider တွေနဲ့ပေါင်းပြီးသပိတ်ထက် မှောက်တယ်၊ အဲ့တော့သူတို့က တောင်းဆိုချက် ၈ ချက်အတိုင်းပေးမယ်ဆိုပြီး ကြေငြာထုတ်ထုတ်လာတယ် ဒါပေမယ့် အခု ၈လ ပိုင်း ၂၀ ရက်နေ့မှာ သူတို့ဖက်ကပေးမယ်ဆိုတဲ့ကီလိုကြေးကရှင်းရှင်းလင်းလင်းမရှိသလိုသတ်မှတ်ထားတဲ့ကီလိုကြေးနဲ့လုပ်အားခကမမျှတာဘူးဖြစ်နေတယ်ဒါကြောင့်ကျမတို့က ၂၅ ရက်နေ့ကစပြီးလုပ်ငန်းခွင်မဝင်ပဲဆန္ဒ ပြခဲ့တာဖြစ်တယ်" လို့သပိတ်မှောက်ရာမှာ ပါဝင်တဲ့မန္တလေးမှ rider တဦးကပြောပါတယ်။

အဆမတန် တိုးမြင့်လျက်ရှိသည့် ကုန်ဈေးနှုန်းနှင့် စက်သုံးဆီဈေးနှုန်းတို့ကြောင့် အော်ဒါကြေးနှင့် ကီလိုကြေးတိုးပေးရန် Rider များ၏ တောင်းဆိုချက်ကို လျစ်လျူရှုကာ လူသစ်အစားထိုးခန့်အပ်ခဲ့သည့် Food Panda ကုမ္ပဏီ၏ လုပ်ရပ်ကို ရှုံ့ချကြောင်း လှုပ်ရှားမှုများဆောင်ရွက်ခဲ့တာလို့သိရပါသည်။

"သူတို့၂၀ရက်နေ့ကထုတ်တဲ့ထုတ်ပြန်ချက်ကိုရမရှင်းတာကျမတို့နင်းနေရတာသူတို့ပြောတဲ့ကီလိုထက်ကျော်တယ်ခုသူတို့ချဲ့ထားတဲ့z o n e နဲ့တွက်ရင်ကောအပြန်ခါလီနင်းလာတာနဲ့ရောတွက်ရင်ဘာမှမကျန်ဘူးခုဟာကသူတို့ချပြတဲ့ကီလိုမီတာကြေးအတိုင်းလဲမရဘူးသူတို့ကိုလဲပွင့်လင်းမြင်သာစွာချပြပေးဖို့တောင်းဆိုထားတယ်ခုသုံးခါလုံးအလုပ်သမားရုံးကိုတိုင်တယ်ဒါပေမယ့်သူတို့ဖက်ကတာဝန်မယူဘူး"လို့သပိတ်မှောက်ရာမှာပါဝင်တဲ့လုပ်သားတဦးကထက်ပြောပါတယ်။ —>>> **စာမျက်နှာ - ၁၇ သို့**

**စာမျက်နှာ ၁၆ မှအဆက်** ယခုလက်ရှိရရှိနေတဲ့ကီလိုကြေးနဲ့လုပ်အားခကမမျှတမှုကြောင့်အလုပ်မဆင်းသပိတ်ဆင်နွှဲနေသူလုပ်သား ဦးရေမှာ ခန့်မှန်း လူဦးရေ ၁၀၀ လျှင် ၉၀ ဝန်းကျင်ခန့်ရှိနေသည် ဟုလုပ်သားတွေကဆိုပါတယ်။

Foopanda Rider တွေအနေနဲ့ ၂၀၂၁ ခုနှစ် ၃လပိုင်းထဲမှာ မန္တလေးနဲ့အထက်ဗမာပြည် Rider တွေစတင်သပိတ်မှောက်တယ်၊ ဒုတိယက ၆လပိုင်းမှာ ရန်ကုန်က rider တွေနဲ့ပူးပေါင်းပြီးသပိတ်မှောက်တယ်၊ အခု ၈လပိုင်း ၂၅ ရက်နေ့မှာ တောင်းဆိုချက်တွေ ထက်မရတဲ့ အတွက်သပိတ်ထက်မှောက်ခဲ့ကြတာဖြစ်ပါတယ်။

ဆက်လက်ပြီးရရှိထားတဲ့အချက်အလက်တွေအရလုပ်သားတွေတိုင်ကြားထားတဲ့လုပ်သားရုံးက Food Panda ကုမ္ပဏီမှာဂျာမဏီနိုင်ငံ ရှိရုံးချုပ်မှကိုင်တွယ်ထားခြင်းမဟုတ်ပဲပိုင်ရှင်အဆင့်ဆင့်လွှဲပြောင်းထားပြီးမြန်မာနိုင်ငံသားလူမျိုးတဦးလက်ရှိမှာတာဝန်ယူလုပ်ကိုင်နေတ ယ်လို့သိရပါသည်။

( သတင်းစဥ် )

## လူမှုဖူလုံရေးကြေးလစဥ်ဖြတ်တောက်ခံရပေမယ့် လူမှုဖူလုံရေးဆေးခန်းမှာကျန်းမာရေး စောင့်ရှောက်မှုမရဟုအလုပ်သမားများပြော

**စက်တင်ဘာ ၊ ၁ ရက်**

လစဥ်စက်ရုံဖက်မှလူမှုဖူလုံရေးကြေး ဖြတ်တောက်ခံထားရပေမယ့် နေထိုင်မကောင်းဖြစ်သည့်အခါ လူမှုဖူလုံရေးဆေးခန်းသို့ သွားရောက် ပြသရာတွင် ဆေးခွင့်မပေးဘူးဟုဆိုကာကျန်းမာရေးကုသမှု ငြင်းပယ်ခံခဲ့ရကြောင်းအလုပ်သမားတွေက FGWM ကိုတိုင်ကြားခဲ့တယ်လို့ သိရပါတယ်။

လူမှုဖူလုံရေး ဆိုသည်မှာ အလုပ်သမားတွေ လစဥ် လတိုင်း လုပ်ခလစာထဲမှ ၂%(၂၈၈၀)ထည့်ဝင်ရတာဖြစ်ပြီးတော့ယခုကာလမှာ လုပ်ခ လစာက တိုးမလာတဲ့အပြင် နေ့စဥ် နေထိုင်စားသောက်စရိတ်က ကြီးမြင့်နေတော့ အလုပ်သမားတွေမှာ နေမကောင်းဖြစ်ရင် အပြင် ဆေးခန်းမသွားနိုင်တဲ့ အခြေအနေဖြစ်နေတော့ လူမှုဖူလုံရေး ဆေးခန်းကို အားကိုး ပြီးသွားကြရတာလို့သိရပါတယ်။

ရန်ကုန်တိုင်း လှိုင်သာယာမှာ ဖွင့်လှစ်နေတဲ့ လူမှုဖူလုံရေး (သုခစုစံ)ဆေးခန်းတွင် အလုပ်သမားက ဆေးခန်းလာပြသည်ကို ဖူလုံရေးကဒ်ကိုကြည့်ပြီး (စီလွန်)အထည်ချုပ် စက်ရုံကဆိုရင် ဆေးခွင့်ပေးလို့မရဘူး စက်ရုံက မန်နေဂျာက ပြောထားလို့ပါဆိုပြီး ဆရာဝန်က ပြောပြလာပါတယ်လို့ ကြုံတွေ့ခဲ့ရတဲ့ အလုပ်သမားကပြောပြလာပါတယ်လို့ FGWM ကဇူလိုင်လ၃၁ရက်နေ့တွင် တရားဝင်သတင်းထုတ်ပြန်ခဲ့ပါတယ်။

နောက်ထက် ဆေးခန်းကတော့ လူမှုဖူလုံရေး (ကောင်းဇေ)ဆေးခန်းပါ ဆေးခန်းအတွင်းမှာ လူနာကို ဆရာဝန်က စမ်းသပ်ကာ ဆေးစာ ရေးပေးပြီး အပြင်ကောင်တာမှာ ဆေးထုတ်ဖို့ပြောပါတယ်။ အပြင်ကောင်တာကိုဆေးသွားထုတ်တော့ ဘယ်စက်ရုံက အလုပ်သမားပဲ လာလာ လူနာကဘယ်လောက်ပဲနေမကောင်း ဖြစ်နေပါစေ ဆေးကပေးစရာမရှိဘူး ကုန်နေတယ်လို့ ပြောပါတယ်။(Running tex)အထည် ချုပ်စက်ရုံက အလုပ်သမားက ပြောပြလာတယ်လို့သိရပါတယ်။

လူမှုဖူလုံရေး ဆေးခန်းတွေများမှယခုကာလတွင် အလုပ်ရှင်နှင့်ပူးပေါင်းပြီး ဆေးခန်းဖွင့်ချိန်မှာ မနက် ၉နာရီမှ နေ့လည် ၁၂ဆိုရင် ဆေးခန်းပြလို့မရတော့ဘူး အလုပ်သမားတွေကို ကျန်းမာရေးစောင့်ရှောက်မှု မပေးပဲ ဟန်ပြသက်သက်သာ ဖွင့်လှစ်နေခြင်းဖြစ်ကြောင်းကို အလုပ်သမား အများစုက FGWM Pageကို ပြောပြလာတာလို့လဲသိရပါတယ်။

( သတင်းစဥ် )

# မကွေးတိုင်းနှင့်စစ်ကိုင်းတိုင်းမှတ်ပုံတင်ကိုင်ဆောင်ထားသည့်အလုပ်သမား(၁၀၀) ကျော်အားမတရားသဖြင့်ခြိမ်းခြောက်အလုပ်ဖြုတ်မှုများရှိနေ

**စက်တင်ဘာ ၊ ၁ ရက်**

မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းမှတ်ပုံတင်ကိုင်ဆောင်ထားသည့် အလုပ်သမား(၁၀၀)ကျော်အား မတရား သဖြင့်ခြိမ်းခြောက် အလုပ်ဖြုတ်မှုများရှိနေတယ်လို့ မြန်မာနိုင်ငံလုံးဆိုင်ရာအထွေထွေလုပ်သားများအဖွဲ့ချုပ် FGWM ၏သတင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါစက်ရုံဟာ လှိုင်သာယာ ရွှေလင်ဗန်းစက်မှုဇုန် မီးသတ်အဝိုင်း(မြန်မာကိုင်ဒိုလမ်းကြား) ZHEJIANG TONGLI CLOTHING (MYANMAR) CO.LTD အထည်ချုပ်စက်ရုံသည် တရုတ်နိုင်ငံသားပိုင် စက်ရုံဖြစ်ပြီး ချုပ်လုပ်နေတဲ့ ကုန်အမှတ်တံဆိပ်မှာ (H&M) ဖြစ်သည်။

အဆိုပါစက်ရုံတွင် (၈)လပိုင်း (၁)ရက်နေ့ကစပြီး ၅/ ၈/ အလုပ်သမားတွေကို လုပ်ငန်းခွင်ထဲမှာ စာရင်းကောက်ပြီး အလုပ်သမား (၁၀၀ ) ကျော်ကို အလုပ်ထုတ်ပယ်ခဲ့တာဟုသိရပါသည်။

အလုပ်ထုတ်ပယ်ခံရမှုနှင့်ပါတ်သတ်၍ "ကျွန်မကတော့ စစ်ကိုင်းဇာတိကပါ ရန်ကုန်ရောက်တာ (၈)နှစ်ရှိပါပြီ tongli အထည်ချုပ်စက်ရုံ လိုင်းအမှတ် ( ၅ ) မှာစက်ချုပ်သမားနဲ့ လုပ်ကိုင်ဆောင်ရွက်လာတာ(၂)နှစ်ကျော်ပါပြီ• ဇူလိုင်လကုန်ခါနီးမှာ မန်နေဂျာရုံးခန်းအတွင်း စူပါများနှင့် အစည်းအဝေးလုပ်ကြပါတယ် အစည်းအဝေးလုပ်ပြီးနောက်ပိုင်း စူပါများမှလိုင်းဘိုင်လိုင်းအလိုက် ၅/ ၈/ စာရင်းများ လိုက်ကောက်ပါတယ် အဲလိုလိုက်ကောက်လဲပြီးရော စူပါများမှ ကျွန်မတို့ကို အလုပ်ထုတ်ရမည်ဟု ပြောကြားလာပါတယ် ကျွန်မတို့က ဘာကြောင့် ထုတ်တာလဲလို့မေးတော့ အထက်ကညွှန်ကြားလို့ နင်တို့ကိုထုတ်ရမယ် ကိုယ့်သဘောနဲ့ ကိုယ်ထွက်ကြအဲလိုမှမထွက်ရင် စစ်တပ်ကလာတဲ့ အခါ နင်တို့ကိုထည့်ပေးလိုက်မယ်ဟုပြောပါတယ် အဲဒါကြောင့် ကျွန်မလဲ ၁ရက်နေ့မှာ လစာထုတ်ပြီး လုပ်ငန်းခွင်ကိုစွန့်ခွာခဲ့ရပါတယ်"ဟု စစ်ကိုင်းတိုင်းက ၅/ အလုပ်သမားတစ်ယောက်ကပြောပါသည်။

ဆက်လက်ပြီး "ကျွန်မကတော့ မအိအိဖြစ်ပါတယ် မကွေးတိုင်း အင်းကန်ဇာတိပါ မိသားစုလိုက် လှိုင်သာယာကို ပြောင်းရွှေ့လာကြတာ(၅) နှစ်ကျော်ပါပြီ (tongli) စက်ရုံမှာစက်ချုပ်နဲ့ လိုင်း(၁၈) မှာလုပ်ပါတယ် ကျွန်မကတော့(၅) ရက်နေ့မှာအထုတ်ခံခဲ့ရတာပါ မန်နေဂျာ ကိုယ်တိုင်ထုတ်တာပါ အလုပ်ထုတ်စာမပေးပါဘူး အလုပ်ထုတ်နစ်နာကြေးလဲမပေးပါဘူးစစ်တပ်နဲ့ဖမ်းခိုင်းမယ် ဆိုလို့ထွက်ခဲ့ရတာပါ pdfလဲမသိပါဘူး အဆက်အသွယ်လဲမရှိပါဘူး အခုအချိန်ထိ အလုပ်လဲရှာမရပါဘူး မိဘတွေကလဲ အသက်တွေကြီးနေပါပြီ "ဟုနစ်နာသူ မကွေးတိုင်းဇာတိမှ ၈/ အလုပ်သမားတစ်ယောက်မှ ပြောဆိုလာပါသည်။

အလုပ်ထုတ်ပယ်မှုများနှင့်ပါတ်သတ်ပြီး "၅/ ၈/ အလုပ်သမားတွေကို(၁)ရက်နေ့ကနေ (၆)ရက်နေ့လောက်အထိ အယောက်(၈၀) ကျော်လောက် ထုတ်တာဟုတ်ပါတယ်(၁၃)ရက်နေ့မှာ စစ်ကောင်စီဘက်က လူကြီးတွေစက်ရုံထဲကိုလာပါတယ်(၁၄)ရက်နေ့နောက်ပိုင်းမှာ ကျန်နေတဲ့ အယောက်(၂၀)လောက်ကိုထပ်ထုတ်ပါတယ် အားလုံးပေါင်းဆိုအယောက် ၁၀၀ကျော်သွားပြီပေါ့ "ဟုအဆိုပါစက်ရုံမှာ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေတဲ့ အလုပ်သမားတစ်ဦးမှပြောပါသည်။ အလုပ်ထုတ်ခံရသည့်အလုပ်သမားအားလုံးသည် အလုပ်ထုတ်စာ မရသည့်အပြင် အလုပ်ထုတ်နစ်နာကြေးများလဲမရရှိကြကြောင်း သိရှိရပါသည်။

လုပ်ငန်းခွင်အတွင်း ကျန်ရှိနေတဲ့အလုပ်သမားတွေကိုလည်း ဒီလိုအလုပ်ထုတ်မှုသည် အထက်က ညွှန်ကြားချက်အရလို့ သတင်းလွှင့်ပြီး အလုပ်သမားတွေကို ဝင်မပါနဲ့ ပါလာရင် နင်တို့လဲ မလွယ်ဘူးဆိုတဲ့ ပုံစံနဲ့ အောစူပါတွေက အစ အလုပ်သမားတွေကို ခြိမ်းခြောက်နေတယ်လို့ လုပ်ငန်းခွင်အတွင်းက အလုပ်သမားတွေရဲ့ပြောပြချက်ကို ကိုးကားပြီး FGWM ကရေးသားဖော်ပြထားသည်။

ထိုစက်ရုံတွင် အလုပ် လုပ်ကိုင်နေတဲ့ အလုပ်သမား စုစုပေါင်း(၂၅၀၀)ကျော်ရှိနေပြီး စက်လိုင်း (၇၀)နဲ့လည်ပတ်နေပါတယ် အလုပ်သမားတွေကို ပုံစံမျိုးစုံနဲ့ ဖိနှိပ်နေသလို အလုပ်သမားများ၏ သောက်သုံးရေကလည်း သောက်လို့မရဘူးလို့သိရပါတယ်။ ဒီလို အလုပ်သမား(၁၀၀)ကျော်ကို မတရားအလုပ်ထုတ်လိုက်တဲ့ အပေါ်မှာ အလုပ်ထုတ်ခံရတဲ့ အလုပ်သမားများမှာ များစွာအကူညီ လိုအပ်နေကြောင်းကို တာဝန်ရှိသူများနှင့် သူတို့ချုပ်လုပ်နေတဲ့ကုန်အမှတ်တံဆိပ်ဖြစ်တဲ့ (H&M)အမှတ်တံဆိပ်ကို အကူအညီ တောင်းပေးဖို့နှင့်တရားမျှတမှုလိုချင်FGWMကနေတဆင့်တောင်းဆိုထားတယ်လို့သိရပါသည်။

( သတင်းစဥ် )

# စာမူဖိတ်ခေါ်ခြင်း နှင့် လုပ်သားအသံပေးပို့ပေးပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

## စာမူဖိတ်ခေါ်ခြင်း

စာပေအနုပညာနှင့် နယ်ပယ်အသီးသီးမှတတ်သိပညာရှင်များခင်ဗျာ၊ အလုပ်သမားဝန်ကြီးဌာန(အမျိုးသားညီညွတ်ရေးအစိုးရ) မှ လစဉ်ထုတ်ဝေလျက်ရှိသည့် နွေဦးလုပ်သား သတင်းလွှာတွင် သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါး၊ ကာတွန်း၊ လုပ်သားအသံ အစရှိသည့်ကဏ္ဍများဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေးကို အထောက်အကူပြုစေရန် ဖက်တလမ်းမှ ဖော်ပြလျက်ရှိရာ လူကြီးမင်းတို့အနေဖြင့်မိမိတို့ရေးသားလိုသည့် သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် ကာတွန်းတို့ကို နွေဦးလုပ်သား သတင်းလွှာ၏ အယ်ဒီတာအဖွဲ့သို့ ပေးပို့နိုင်ပါသည်။

## လုပ်သားအသံ

အလုပ်သမားဝန်ကြီးဌာန (အမျိုးသားညီညွတ်ရေးအစိုးရ)အနေဖြင့် ယခုစစ်အာသိမ်းကာလတွင် ဖြစ်ပွားနေသော လုပ်သားအခွင့်အရေး ချိုးဖောက်မှုများ လုပ်သားအခွင့်အရေးဆုံးရှုံးခံစားရမှုများ အတွက်လုပ်သားထု၏ခံစားမှုများ ကိုပြည်သူလူထု သိရှိစေရန် ရည်ရွယ်ပြီး ယခုထုတ်ဝေသော နွေဦးလုပ်သား(သတင်းလွှာ)ကဏ္ဍတွင်လုပ်သားအသံ အနေဖြင့် ဖော်ပြပေးသွားမည် ဖြစ်ပါသဖြင့် လုပ်သားအခွင့်အရေးချိုးဖောက်ခံနေရတဲ့လုပ်သားများအနေဖြင့် နွေဦးလုပ်သား(သတင်းလွှာ)အယ်ဒီတာအဖွဲ့သို့ မိမိတို့ ခံစားရမှုများကို လွတ်လပ်ပွင့်လင်းစွာရေးသားပေးပို့နိုင်ပါသည်။

ပေးပို့ရမည့် အီးမေးလ်လိပ်စာမှာ - editor@molmyanmar.org ဖြစ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန
Ministry of Labour

အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာနမှ နွေဦးလုပ်သား သတင်းလွှာအား
လစဉ် တရက်နေ့တွင် ထုတ်ဝေလျက်ရှိပါသည်။

ထွက်ရှိခဲ့သည့်သတင်းလွှာများအားဖတ်ရှုရန်
အတွက် QR Code အား Scan ဖတ်ပါ